# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကမ်းတစ်ဖက်သို့ ရောက်ကုန်**

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၈ ရက် | ၂၀၂၅ ခုနှစ်၊ မေ ၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၄)၊ အမှတ် (၂၁၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



# မြန်မာနိုင်ငံ၌ ပထမဆုံးအသုံးပြုသည့် QR Code System ဖြင့် သန်လျင်တံတားအမှတ်(၃)မှ ဖြတ်သန်းသွားလာသည့်ယာဉ်များအား ဝန်ဆောင်မှုပေး

ရန်ကုန် မေ ၃

ပြည်ပပို့ကုန်နှင့် ပြည်တွင်းကုန်စည်ဖြန့်ဖြူးမှုတွင် နိုင်ငံအတွက် ဝင်ငွေရရှိရန် ပို့ဆောင်ရေးကဏ္ဍကို အထောက်အပံ့ပြုနေသော ပဲခူးမြစ်ကူးတံတားတစ်စင်းဖြစ်သည့် သန်လျင်တံတား အမှတ်(၃) ပေါ်၌ ကုန်စည်တင်ယာဉ်များနှင့် ခရီးသွားယာဉ်များ ဖြတ်သန်းခအား QR Code System ဖြင့်လည်း ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။ (အပေါ်ပုံ)

*စာမျက်နှာ ၅ ကော်လံ ၅* ❍

**ယနေ့ ဖတ်စရာ**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဒီဇယ်မက်ထရစ်တန် ၁၈၀၀၀ ကို လွှဲပြောင်းလက်ခံ



ပြည်တွင်းသတင်း | စာ ၃

## ရှာဖွေကယ်ဆယ် စွမ်းရည်ကြွယ်လျက် ပေးဆပ်အပ်နှင်း ဂုဏ်ရည်သင်းသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

ဂုဏ်ပြုဆောင်းပါး | စာ ၁၀

## ဧပြီလအတွင်း နီပေါနိုင်ငံသို့ နိုင်ငံခြားခရီးသည် လာရောက်လည်ပတ်မှု စံချိန်တင်မြင့်တက်

နိုင်ငံတကာသတင်း | စာ ၁၄

# ကန့်ဘလူခရိုင်၌ နွေစပါးများ လျာထားကေထက် ကျော်လွန်စိုက်ပျိုး

ကန့်ဘလူ မေ ၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်၌ ၂၀၂၄–၂၀၂၅ ခုနှစ် နွေစပါးစိုက်ပျိုးရာသီအတွင်း နွေစပါး ဧက ၂၁၀၅၀ စိုက်ပျိုးရန် လျာထားဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၂၈၂၆ ဧက စိုက်ပျိုးပြီးစီးကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသခံတောင်သူလယ်သမားများ နွေစပါးရာသီ စိုက်ပျိုးချိန်အမီ ထွန်ယက်စိုက်ပျိုးနိုင်ရန် ခရိုင်အတွင်းရှိ ကန့်ဘလူ၊ ကျွန်းလှမြို့နယ်တို့မှ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနများက ဆည်မြောင်းတာတမံများ၊ ရေပေးမြောင်းများ၊ မြောင်းစစ်လမ်းများ၊ မြောင်းပေါင်များပြုပြင်ခြင်း၊ ရေဝေရေလဲရေိယာမှ စီးဆင်းသည့်ရေများ အပြည့်အဝ သိုလှောင်အသုံးချရေး စသည်တို့ကို ကြိုတင်စီမံဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၇ ရက်မှစ၍ ရေပေးဝေခဲ့ရာ တောင်သူများက မြေပြုပြင်ထွန်ယက်ခြင်းများ၊ ပျိုးထောင်ခြင်းများဆောင်ရွက်၍ မတ်၊ ဧပြီ၌ စတင်စိုက်ပျိုးခဲ့ကာ ယနေ့တွင် နွေစပါး ၂၂၈၂၆ ဧက စိုက်ပျိုးပြီးစီးခဲ့ခြင်းဖြစ်သည်။

လယ်ယာလုပ်ငန်းခွင်ဝင် တောင်သူလယ်သမားများ ရေကိုအကျိုးရှိစွာ အသုံးချနိုင်ရေးကိုလည်း သက်ဆိုင်ရာဌာနဆိုင်ရာများပူးပေါင်း၍ ကြီးကြပ်ပေးခဲ့ကြောင်းနှင့် ကန့်ဘလူခရိုင်တွင် လျာထားကေထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ပြီး ယမန်နှစ်ထက် ၅၇၈ ကေပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ စိုက်ပျိုးပြီးစီးမှုရာခိုင်နှုန်းအနေဖြင့် *စာမျက်နှာ ၄ ကော်လံ ၁* ❑



ကန့်ဘလူမြို့နယ်၌ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းကို တွေ့ရစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသား တံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင် လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက် နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်အတွင်းရှိ ရှေးဟောင်းအဆောက်အအုံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး



**မန္တလေး မေ ၃**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာနနှင့် သာသနာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် ပလိပ်ဒေသ၊ မက္ခရာဒေသတို့ရှိ ရှေးဟောင်းအဆောက်အအုံများနှင့် တမုတ်ရွှေဂူကြီးဘုရားတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြွေဘုရားပရိဝုဏ်အတွင်းရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့သော ရှေးဟောင်းအဆောက်အအုံများ၊ ကုန်းဘောင်ခေတ်လက်ရာ ရှေးဟောင်းအဆောက်အအုံ စေတီဘုရား (၁၀၅)ဆူတည်ရှိသော ပလိပ်မြို့ ဗန်းမော်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငလျင်ဒဏ်ကြောင့် ရှေးဟောင်းအဆောက်အအုံစေတီဘုရား (၉၃) ဆူ ထိခိုက်ပျက်စီးမှုတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ရှိ ကျောက်သေတ္တာစေတီ ခိုင်ခံ့စွာ ဆက်လက် တည်မြဲစေရေးအတွက် ဆောင်ရွက်နေမှု၊ ဆည်တော်နံ ရွှေမုဋ္ဌောစေတီ၊ တမုတ်ဒေသရှိ တမုတ်ရွှေဂူကြီးဘုရားတို့သို့ သွားရောက်၍ ထိန်းသိမ်းရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားရန်မှာကြားပြီး အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မက္ခရာမြို့ဟောင်းသို့ သွားရောက်ခဲ့ပြီး ရွှေစည်းခုံစေတီတော်ကြီး၏ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ကြည့်ရှုပြီး လိုဏ်အတွင်းရှိ နံရံဆေးရေးပန်းချီများ ထိခိုက်မှုမရှိအောင် အသေးစိတ်စစ်ဆေး၍ ဂရုစိုက်ဆောင်ရွက်ကြရန်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပူးပေါင်းကြီးကြပ်ကူညီဆောင်ရွက်ပေးရန် မှာကြားခဲ့ပြီး ဂေါပကအဖွဲ့ထံ အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဒီဇယ် မက်ထရစ်တန် ၁၈၀၀၀ ကို လွှဲပြောင်းလက်ခံ

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် ပြန်လည်ထူထောင်ရေးကိစ္စများအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းသော ဒီဇယ် မက်ထရစ်တန်၁၈၀၀၀ လွှဲပြောင်းလက်ခံခြင်းကို ယမန်နေ့ နံနက်ပိုင်းက သန်လျင်ခရိုင် ကျောက်တန်းမြို့နယ် Brighter Energy ဆိပ်ကမ်း၌ ပြုလုပ်သည်။

ထိုသို့ လွှဲပြောင်းလက်ခံရာတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးမှ Counsellor ဖြစ်သူ Mr. Ouyang Daobing၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လွှဲပြောင်းလက်ခံခဲ့ကြသည်။

အဆိုပါ ရောက်ရှိလာသည့် ဒီဇယ်များကို ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးကိစ္စများတွင် အသုံးပြုရန်အတွက် စွမ်းအင်ဝန်ကြီးဌာနက ဆက်လက်ပို့ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဇွဲထက်ကို(ပြန်/ဆက်)**



# မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ သင်ယူလျက်ရှိ

နေပြည်တော် မေ ၃

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဦးနေမျိုးလှိုင်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ် ပါမောက္ခချုပ်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများသို့ သွားရောက်၍ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများ ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများကို အေးချမ်းစွာအနီးကပ်သင်ယူနေမှုများအား လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များ မှာကြားသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်အလိုက် လေ့ကျင့်သင်ကြားပေးမည့် တက္ကသိုလ်များမှ ပါမောက္ခ၊ ဆရာ ဆရာမများအား တွေ့ဆုံကာ ယခုကဲ့သို့ သဘာဝဘေးဒဏ်ခံခဲ့ရ၍ စာမေးပွဲပြန်လည်ဖြေဆိုကြရမည့် ကျောင်းသား ကျောင်းသူများအတွက် စေတနာ မေတ္တာများဖြင့် လာရောက်သင်ကြားပြသပေးနေခြင်းသည် အလွန်မွန်မြတ်သော ပညာဒါနကြီး တစ်ခုပင်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၊ မိဘပြည်သူများအနေဖြင့် သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်လေးခုမှ ကျောင်းသား ကျောင်းသူများအားလုံး တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုနိုင်ရေးအတွက် ဝိုင်းဝန်းတိုက်တွန်းနှိုးဆော်ပေးကြစေလိုပါကြောင်း ပြောကြားကာ ဆရာ ဆရာမများအား ချီးမြှင့်ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းအလိုက် ဘာသာရပ်ဆိုင်ရာ အနီးကပ် သင်ကြားပို့ချပေးနေမှုများကို လိုက်လံကြည့်ရှုပြီး ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံအားပေးစကား ပြောကြားသည်။

ထိုမှတစ်ဆင့် ကျောက်ဆည်မြို့အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ မြို့မအခြေခံပညာအထက်တန်းကျောင်း၊ မိတ္ထီလာမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း (ရှမ်းတဲ)၊ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ပျော်ဘွယ်မြို့ အမှတ် (၁) အခြေခံပညာနှင့် စက်မှုစိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းရှိ စာသင်ခန်းများသို့ သွားရောက်၍ သင်ကြားသင်ယူနေမှုများကို ကြည့်ရှုအားပေးကာ တက္ကသိုလ်ပါမောက္ခ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုရခြင်းအခြေအနေ၊ အမှတ်ကောင်းကောင်းဖြင့် အောင်မြင်စေရေး မိဘများက ပံ့ပိုးပေးရန် လိုအပ်မှု အခြေအနေများကို ဆွေးနွေးပြောကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ဆေးတက္ကသိုလ်(၁)ရန်ကုန် ဘွဲ့ကြို ကျောင်းသား ကျောင်းသူများနေထိုင်ရေး ဆောင်ရွက်ထားရှိမှုနှင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၏ ဆေးကုသရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းသည် ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးတက္ကသိုလ်(၁) ရန်ကုန် ပါမောက္ခချုပ်နှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ မော်ကွန်းတိုက်လမ်း၌ ဆောက်လုပ်ထားသည့် ဆေးတက္ကသိုလ်(၁)ရန်ကုန် ဘွဲ့ကြိုကျောင်းသား ကျောင်းသူများနေထိုင်ရန် RC ငါးထပ် အိပ်ဆောင်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ အိပ်ဆောင်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အဦအထူးအဖွဲ့(၂)က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်မှစတင်၍ နိုင်ငံတော်၏ရန်ပုံငွေကျပ် ၂ ဒသမ ၈ ဘီလီယံ အသုံးပြုဆောက်လုပ်ခဲ့ပြီး ၂၀၂၅ ခုနှစ် မတ်လတွင် ပြီးစီးခဲ့ကာ ကျောင်းသား ကျောင်းသူ ၂၅၀ ခန့်ကို အဆင်ပြေချောမွေ့စွာ ထားရှိနိုင်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုနစ်ထပ်ဆေးကုသဆောင်သို့ရောက်ရှိပြီး နှလုံးသွေးကြောချဲ့ကုသသည့် စက်အသစ် (Interventional Radiology (IR) X-ray) တပ်ဆင်ထားသည့်အခြေအနေကို ကြည့်ရှုကာ ခိုင်ခံ့မှုကို သေချာစွာ စစ်ဆေးနိုင်ရေး မှာကြားသည်။

ယင်းနောက် သွေးရောဂါအထူးကုဌာနတွင် ရိုးတွင်းခြင်ဆီ အစားထိုးကုသမှုခံယူရန် ဆေးရုံတက်ရောက်နေသည့် သွေးရောဂါရှင်လူနာနှစ်ဦးအား ကြည့်ရှုအားပေး၍ အာဟာရပြည့်အစားအစာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး Training Center ၌ ရန်ကုန်မြို့ရှိ ဗဟိုအဆင့်ဆေးရုံများ၊ ခုတင်(၂၀၀)နှင့် အထက်ပြည်သူ့ဆေးရုံကြီးများမှ ဆေးရုံအုပ်ကြီးများနှင့် ပါမောက္ခ/အထူးကုဆရာဝန်ကြီးများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လူနာများစိုက်ထုတ်သုံးစွဲရသော ကုန်ကျစရိတ်လျှော့နည်းစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်ရန်ပုံငွေကိုအသုံးပြု၍ မရှိမဖြစ်လိုအပ်သော အရည်အသွေးကောင်းမွန်သည့် ဆေးနှင့်ဆေးပစ္စည်းများကို ဝယ်ယူထောက်ပံ့ပေးလျက်ရှိသည့်အတွက် အခြေခံမရှိမဖြစ်ဆေးဝါးများ၊ အရေးပေါ်ဆေးဝါးများ၊ ခွဲစိတ်ခန်းသုံးဆေးနှင့် ဆေးပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးဆေးပစ္စည်းများကို ပြတ်လပ်မှုမရှိစေရန် စနစ်တကျစီမံခန့်ခွဲပေးကြရန် လိုပါကြောင်း၊ အရေးပေါ်ကုသမှုများ၊ ခွဲစိတ်ကုသမှုများ၊ ဓာတ်ခွဲစစ်ဆေးမှုများအတွက် ငွေကြေးကုန်ကျမှုမရှိစေရေး စီမံဆောင်ရွက်ပေးရန်ဖြစ်ပါကြောင်း၊ သဘာဝဘေး



အန္တရာယ်နှင့် လူအများအစုလိုက်၊ အပြုံလိုက်ကုသမှု ဆောင်ရွက်ပေးနိုင်ရေးအတွက် Mass Casualty Management Plan များကို ဆေးရုံအလိုက်ရေးဆွဲထားရှိရန်လိုအပ်ပြီး ဇာတ်တိုက်လေ့ကျင့်မှု(Drill) ကိုလည်း ဆေးရုံအလိုက် သေချာစွာဆောင်ရွက်ထားကြရန်ဖြစ်ပါကြောင်း၊ ကုသရေးလုပ်ငန်းများကို ပိုမိုတိုးတက်ကောင်းမွန်အောင် အားလုံးပူးပေါင်းဆောင်ရွက်ပေးကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်များက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❑ *ရှေ့ဖုံးမှ*

၁၀၈ ဒသမ ၉၁ ရာခိုင်နှုန်းရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ခံ ဒေါ်မာမာဝင်းက ပြောသည်။

ခရိုင်နှင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများကလည်း တောင်သူများအား စိုက်ပျိုးရေးနည်းစနစ်များ၊ မြေဆီလွှာထိန်းသိမ်းရေး နည်းပညာများဟောပြောခြင်း၊ ပိုးမွှားရောဂါ ကျရောက်ပျက်စီးမှုမရှိစေရန် အပင်ဖြစ်ထွန်းချိန်အလိုက် ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ နည်းပညာများဟောပြောခြင်း စသည့်စိုက်ပျိုးရေးနည်းပညာပေး ဆွေးနွေးပွဲများကိုလည်း ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိရာ ရာသီဥတုရေမြေဒေသနှင့်ကိုက်ညီသော အထွက်ကောင်းမျိုးများ၊ အရည်အသွေးကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးနိုင်ရန်လည်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် စပါးစိုက်ဧကတိုးတက်အောင် ဆောင်ရွက်ခြင်း၊ ရေသောက်စနစ်များကို အကျိုးရှိစွာသုံးနိုင်အောင် ဆောင်ရွက်ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းကာ လေလွင့်ဆုံးရှုံးမှုများ လျှော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို တိုးတက်သုံးစွဲလာနိုင်စေရန် ကူညီပံ့ပိုးပေးခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရာသီဥတုကြောင့် စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ပြောင်းလဲလာသည့် ရာသီဥတုနှင့်ကိုက်ညီသော စိုက်ပျိုးနည်းစနစ်များကို အသုံးပြုစိုက်ပျိုးလာကြပြီး ယခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများသည် မျိုးများအနေဖြင့် ရွှေဆည်ရင်၊ ရွှေသွယ်ရင် စပါးမျိုးများကို အများဆုံး စိုက်ပျိုးကြပြီး MR 9၊ GW 11 စပ်မျိုးစပါးများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှယာဉ်ကို ကျော်တက်လိုပါက ဂရုပြုရမည့်အချက်များ {နည်းဥပဒေ ၂၉၀(က)}

မော်တော်ယာဉ်မောင်းနှင်သူသည် မိမိရှေ့မှ မော်တော် ယာဉ်ကို ကျော်တက်လိုလျှင် အောက်ပါအချက်များကို ဂရုပြုရ ပါမည်-

(က) နောက်မှ လိုက်ပါနေသော မော်တော်ယာဉ်သည် မိမိမော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင် နေခြင်းရှိ မရှိ၊

(ခ) မိမိကျော်တက်လိုသော မော်တော်ယာဉ်သည် ယင်း၏ရှေ့ရှိ မော်တော်ယာဉ်ကို ကျော်တက်ရန် ပြင်ဆင်ခြင်း ရှိ မရှိ၊

(ဂ) ကျော်တက်ရာတွင် မိမိအသုံးပြုမည့် ယာဉ်ကြော သွားလာမှု ရှင်း မရှင်း။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# ညောင်ပင်သာကျေးရွာရေဘေးသင့်ပြည်သူများအတွက် ပြန်လည်တည်ဆောက်ပေးခဲ့သည့်အိမ်ရာများ လွှဲပြောင်းပေးအပ်ပွဲကျင်းပ





**နေပြည်တော် မေ ၃**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ဦးဆောင်မှုနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ ညီနောင်အသင်းများ၏ ပံ့ပိုးကူညီမှုများဖြင့် နေပြည်တော် မကျည်းပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာရှိ ရေဘေးသင့်ပြည်သူများအတွက် ပြန်လည်တည်ဆောက်ပေးခဲ့သည့် အိမ်ရာစီမံကိန်း ရာနှုန်းပြည့်ပြီးစီးသည့်အတွက် ကျေးရွာနေပြည်သူများသို့ အိမ်ရာများ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် မကျည်းပင်ကျေးရွာအုပ်စု ညောင်ပင်သာကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်စိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ နေပြည်တော်ကောင်စီဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် ဟိုတယ်နှင့်ခရီးသွားအသင်းအဖွဲ့များမှတာဝန်ရှိသူများ၊ ညောင်ပင်သာကျေးရွာမှ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံရွာသူရွာသားများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ်က ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ညောင်ပင်သာကျေးရွာမှ နေအိမ်များ ပျက်စီးဆုံးရှုံးခဲ့ရပါကြောင်း၊ ကျေးရွာပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများ၏ ပံ့ပိုးကူညီမှုများဖြင့် ဆောင်ရွက်ခဲ့ကြရာ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည့်အတွက် အိမ်ရာများကို ကျေးရွာနေပြည်သူများထံသို့ လွှဲပြောင်းပေးခြင်းဖြစ်ပါကြောင်း၊ ကျေးရွာ၌ နေအိမ် ၂၂ လုံးအပြင် ဒေသခံများ၏ အကျိုးကိုဖော်ဆောင်နိုင်ရန် Community Center ကိုပါ ထည့်သွင်းတည်ဆောက်ပေးထားပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးအတွက် လက်မှုပစ္စည်းထုတ်လုပ်ခြင်း သင်တန်းများကိုလည်း ဆောင်ရွက်ပေးသွားရန် လျာထားပါကြောင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နှင့် ညီနောင်အသင်းများအနေဖြင့် ညောင်ပင်သာကျေးရွာအား ရပ်ရွာလူထု အခြေပြု ခရီးသွားလုပ်ငန်း စံပြကျေးရွာတစ်ခုအဖြစ် ဖော်ဆောင်သွားနိုင်ရေးအတွက် ဆက်လက်ကူညီပံ့ပိုးပေးသွားစေလိုပါကြောင်း၊ ညောင်ပင်သာကျေးရွာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ကူညီပံ့ပိုးပေးကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ကျေးလက်နေပြည်သူများ၏ နေထိုင်မှုအဆင့်အတန်းနှင့် ပညာရေးမြင့်မားလာရေးအတွက် ဆောင်ရွက်နေမှုအခြေအနေများ၊ ကျေးရွာထုတ်ကုန်ပစ္စည်းများ တစ်နိုင်တစ်ပိုင်ထုတ်လုပ်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်သွားနိုင်ရေးကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် နေပြည်တော်အတွင်း ပျက်စီးဆုံးရှုံးခဲ့ရမှုများကို မြို့တော်အင်္ဂါရပ်နှင့်အညီ ပြန်လည်ထူထောင်ရေးဆောင်ရွက်နေမှုအခြေအနေများကို ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ညောင်ပင်သာကျေးရွာ၏ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသော စီမံကိန်းကို အကောင်အထည် ဖော်ဆောင်ရွက်ခဲ့မှုအခြေအနေများ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ညောင်ပင်သာကျေးရွာရှိ ရေဘေးသင့်ပြည်သူများသို့ ပြန်လည်တည်ဆောက်ပေးခဲ့သည့် အိမ်ရာများအား ပြည်ထောင်စုဝန်ကြီး၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးနှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌတို့က ဒေသခံရွာသူရွာသားများထံသို့ လွှဲပြောင်းပေးအပ်ကာ ဒေသခံရွာသူရွာသားများကိုယ်စား ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက ကျေးရွာအတွင်း ရေဘေးသင့်ဒေသခံ ရွာသူရွာသားများအတွက် ဆောက်လုပ်ပေးထားသော နေအိမ်များသို့ လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**




## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၁) ကြိမ်မြောက် လှူဒါန်းသည့် Modular (prefabricated) house အလုံး ၃၄၀ လွှဲပြောင်းလက်ခံ

**ရန်ကုန် မေ ၃**

မြန်မာနိုင်ငံတွင် ဖြစ်ပွားခဲ့သည့် မန္တလေး ငလျင်ကြီးကြောင့် ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ (၁၁) ကြိမ်မြောက် လှူဒါန်းသည့် စုစုပေါင်းတန်ချိန် ၁၃၅၅ တန်ရှိ Modular(prefabri–cated) house အလုံး ၃၄၀ တင်ဆောင်လာသည့် M/V DKILIOS သင်္ဘောသည် ယမန်နေ့ ညနေ ၄ နာရီ ၃၅ မိနစ်က သီလဝါ (MITT) ဆိပ်ကမ်းသို့ ရောက်ရှိခဲ့သည်။

ထိုသို့ ရောက်ရှိလာသည့် Modular (prefabricated) house အလုံး ၃၄၀ ကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေး ဦးစီးဌာနမှတာဝန်ရှိသူများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ သန်လျင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောက်တန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တရုတ်သံရုံး စီးပွားရေးသံမှူး Mr. Ouyang Daobing ထံမှ သီလဝါဆိပ်ကမ်း၌ လွှဲပြောင်းလက်ခံသည်။

ဆက်လက်၍ အဆိုပါ Modular (prefabricated) house အလုံး ၃၄၀ ကို M/V DKILIOS သင်္ဘောပေါ်မှ ကုန်တင်ကားပေါ်သို့ ကရိန်းဖြင့်ချနေသည့် အခြေအနေများကိုလည်းကောင်း၊ ငလျင်ဘေးသင့်ဒေသများသို့ ရန်ကုန်တိုင်းဒေသကြီးမှ မြန်မာ့မီးရထားဖြင့် သယ်ယူပို့ဆောင်နိုင်ရေး ကုန်တင်ကားပေါ်မှ ရထားတွဲပေါ်သို့ ကရိန်းဖြင့် တင်ဆောင်နေသည့် အခြေအနေများကို လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့က လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

❍ ရှေ့ဖုံးမှ

ရန်ကုန်မြို့နှင့် သန်လျင်မြို့ကို ဖြတ်သန်းတည်ဆောက်ထားသော သန်လျင်တံတား အမှတ်(၃)မှ ဖြတ်သန်းသွားလာကြသည့် ယာဉ်များအား Toll Gate မှ Cash Collection System ဖြင့် ဝန်ဆောင်မှုပေးနေသည့် အပြင် နိုင်ငံတကာတွင်အသုံးပြုနေသော QR Code System ဖြင့်လည်း ဝန်ဆောင်မှုပေးလျက်ရှိရာ ထိုစနစ်သည် မြန်မာနိုင်ငံတွင် စတင်အသုံးပြုခြင်းဖြစ်၍ အဆိုပါစနစ် အောင်မြင်ပါက ငွေတိုက်ရိုက်ပေးချေမှု ဖြတ်သန်းရသော ဝန်ဆောင်မှုထက် AI နည်းပညာကို အခြေခံထားသည့် QR Code စနစ်ကို အသုံးပြုထားသောစနစ်သည် Toll Gate ၏ ဝန်ဆောင်မှုစရိတ်များကို လျှော့ကျစေနိုင်ကြောင်း သိရသည်။

"သန်လျင်တံတားအမှတ်(၃)ရဲ့ အသုံးပြုခကောက်ခံတဲ့အခါမှာ Cash Collction System နဲ့ MyanGo Toll App အသုံးပြုတဲ့ QR Code စနစ်ဆိုပြီး အသုံးပြုပါတယ်။ QR စနစ်ဟာ မိမိဖုန်းကို အသုံးပြုပြီးတော့ Scan ဖတ်ပြီး ဝန်ဆောင်ခပေးရတဲ့ အတွက် ငွေကြေးကိုင်စရာမလိုတာကြောင့် တိုးဂိတ်အနေနဲ့ ငွေကြေးပိုင်း ဆိုင်ရာမှာလည်း ထိန်းချုပ်နိုင်ပါတယ်။ ခရီးသွားပြည်သူတွေအနေနဲ့ Cash Collction System နဲ့ ဖြတ်သန်းခပေးရတဲ့အခါမှာလည်း ပြေစာဖြတ်ပိုင်းကို ယူဆောင်ပေးခြင်းအားဖြင့် တစ်ဖက်တစ်လမ်းက ကူညီရာရောက်စေပါတယ်" ဟု လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးထင်ကျော်က ပြောသည်။

QR Code System သည် တံတားပေါ်ရှိ Toll Gate သို့ ဝင်လာသော ယာဉ်များ၏နံပါတ်ကို ANPR မှ ဖတ်ယူထားပြီး ယာဉ်မောင်းက မိမိဖုန်းတွင်ထည့်ထားသော MyanGo Toll Application ကို အသုံးပြု၍ Toll Gate တွင် တပ်ဆင်ထားသည့် Display Board ပေါ်ရှိ QR Code အား Scan ဖတ်၍ မိမိနှစ်သက်ရာ AYA Bank၊ KBZ Pay၊ Wave Pay နှင့် UAB Pay တို့မှ တစ်ခုခုဖြင့် ငွေပေးချေပြီးပါက မောင်းတံအလိုလိုပွင့်ပြီး ထွက်ခွာနိုင်သော နည်းစနစ်တစ်ခုဖြစ်သည်။ Toll Gate များတွင် အသုံးပြုနေသည့် တိုက်ရိုက်ငွေပေးချေသော စနစ်ထက် ထိရောက်မှုရှိပြီး အင်တာနက်စနစ်နှင့် Mobile Pay အသုံးပြုမှု မြန်ဆန်ခြင်းဖြင့် ငွေသားပေးဆောင်ရခြင်း၊ ဝန်ဆောင်ခအပေးအယူစောင့်ဆိုင်းရခြင်းနှင့် ပြေစာစောင့်ဆိုင်းရသောစနစ်ကို ကျော်လွှားနိုင်သောကြောင့် နိုင်ငံတကာတွင် အသုံးပြုနေခြင်းဖြစ်သည်။

"QR System ကို အများပြည်သူ ပိုမိုသိရှိနားလည်အောင်ဆောင်ရွက်နေပြီး AI နည်းပညာ ဖွံ့ဖြိုးလာတာနဲ့အမျှ အခုလို လက်တွေ့အသုံးပြုနိုင်မှုအပေါ် ဝမ်းသာပီတိဖြစ်ရပါတယ်" ဟု TollTech ကုမ္ပဏီမှ မန်နေဂျာ ဦးလင်းထွဋ်ကိုကိုက ပြောပြသည်။ **ညီမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ–ကန္နီး**

# အမှောင်မှ အမှောင်သို့မသွား၊ အမှောင်မှအလင်း အလင်းမှအလင်းသို့သာ

မိုးမြင့်

*(ယမန်နေ့မှအဆက်)*

## ငွေမျက်နှာတစ်ခုတည်းနှင့် သစ္စာမဲ့ခဲ့သည့် ဖောင်ဒေးရှင်းများ၊ လော်ဘီများ

သို့သော် သူ၏အတွေးအခေါ်၊ လုပ်ပုံကိုင်ပုံတို့နှင့် မြန်မာ့နိုင်ငံရေး၊ ဘာသာတရား၊ ယဉ်ကျေးမှုအပိုင်းနှင့်တော့ လိုက်လျောညီထွေမဖြစ်ခဲ့ပါ။ အတိုက်အခံကို ပိုအလေးသာစေသည့် ဒေါ်လာအလှူငွေကြောင့် မြန်မာ့နိုင်ငံရေးက ပိုရှုပ်သွားခဲ့ရပြီး နိုင်ငံလည်း ပျက်စီးသွားခဲ့ရခြင်းဖြစ်သည်။ ဒီမိုကရေစီအရေး ကူညီယောင်ပြု၊ မြန်မာ့လူ့အဖွဲ့အစည်းကို စနစ်တကျသပ်လျှိုသွေးခွဲပြီး နိုင်ငံတော်နှင့် လူ့အဖွဲ့အစည်းတစ်ရပ်လုံး လုံးဝပျက်စီးချုပ်ငြိမ်းသွားရေးသည်သာ အဓိကရည်မှန်းချက်ဖြစ်ကြောင်း သိသာပါသည်။

၁၉၉၄ ခုနှစ်ကတည်းကစခဲ့သည့် Burma project မှ မွေးထုတ်ခဲ့သည့် Scholar ကျောင်းသားအများစုသည် မြန်မာအစိုးရကို အတိုက်အခံလုပ်ရန်၊ မြန်မာပြည်ကို ဖြိုခွဲဖျက်ဆီးရန် အရင်းအမြစ်များသာ ဖြစ်ခဲ့သည်။ Burma project ၏ ဌာနချုပ်က OSI (Open Society Institute) ဖြစ်ပြီး မြန်မာအပါအဝင် နိုင်ငံများရှိ NGO/INGO/ CSO/ Media များဆီ ဆိုးရော့ဇ်တို့သားအဖ တည်ထောင်ထားသော Open Society Foundation မှ တစ်ဆင့် တရားမဝင်ငွေကြေးများ စီးဆင်းသည်ကို မြင်နိုင်ရပါမည်။

မြန်မာနိုင်ငံတွင်တော့ Open Society Myanmar ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း ဆိုးရော့ဇ်တို့ သားအဖအကြား ပြည်တွင်းကောပြည်ပမှာပါ စုစုပေါင်း ခြောက်ကြိမ်အထိ ဆက်သွယ်ဆက်ဆံမှုများရှိခဲ့သည်။ တရားမဝင်ငွေကြေးစီးဆင်းမှုဆိုသည်မှာ OSM ပဲဖြစ်ဖြစ်၊ OSF ပဲဖြစ်ဖြစ် နိုင်ငံတော်အစိုးရမသိဘဲ မြန်မာဘဏ်များတွင် နိုင်ငံခြားငွေအပ်ခြင်း၊ ထုတ်ယူခြင်းများသည် တရားမဝင်ပါ။ ပိုဆိုးသည်မှာ ထိုနိုင်ငံများက DCS (Disloyalty Civil Servant) လှုပ်ရှားမှုနှင့် ပါဝင်ပတ်သက်မှုရှိခဲ့လျှင် ပိုဆိုးသွားနိုင်သည်။ ဤနေရာတွင် ၂၀၁၃ ခုနှစ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ် ဦးဆောင်သော ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသည် ပြည်တွင်းပရဟိတ လူမှုရေးဖောင်ဒေးရှင်းဖြစ်သော်လည်း နိုင်ငံရေးမှာ ပါဝင်ပတ်သက်မှုများရှိခဲ့ကြောင်း သိရှိခဲ့ရသည်။ ဘဏ်ရှင်းတမ်း အထုတ်အသွင်းမပြနိုင်ဘဲ ဖောင်ဒေးရှင်းမှ ငွေအားလုံး NUG မှ မိုးဇော်ဦးက မောင်ပိုင်စီးသွားခြင်းမှာ အဖျက်လုပ်ရပ်အတွက် အသုံးချမှုသဘောပင်ဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။

ပြည်တွင်းပြည်ပ အလှူငွေစီးဝင်မှုနှင့် မူလရည်မှန်းချက် ပညာ၊ ကျန်းမာနှင့် လူမှုရေးအပိုင်းများနှင့် မသက်ဆိုင်သည့်အပိုင်းများတွင် သုံးစွဲမှုနှင့် ပတ်သက်၍ လည်းကောင်း၊ နိုင်ငံတော်ပိုင်မြေနေရာသုံးစွဲမှုအပိုင်းများနှင့် ပတ်သက်၍လည်းကောင်း ဖောင်ဒေးရှင်းအပေါ် ဝေဖန်စရာများရှိခဲ့သည်။ ကမ္ဘာပေါ်တွင် အစိုးရအပေါ် တော်လှန်လှုပ်ရှားမှုအောင်မြင်မှုမှန်သမျှသည် အဖွဲ့အစည်းများက စိုက်ထုတ်ထောက်ပံ့သော ငွေကြေးအရင်းအမြစ်အပေါ် လုံးဝမူတည်ကြောင်းကို မြန်မာ Disloyalty Civil Servant (DCS) ပြည်ဖျက်လှုပ်ရှားမှုကိုကြည့်၍ သိနိုင်သည်။

ငွေမျက်နှာတစ်ခုတည်းကြောင့်သာ တိုင်းပြည်ပျက်စီးရေးစီမံကိန်းမှာ ပြည်သူကြိုက်အနုပညာရှင်များ၊ ပရဟိတအသင်းများ၊ Influencer များနှင့် မီဒီယာအသင်းအဖွဲ့များစွာက တက်တက်

**❒ ငွေမျက်နှာတစ်ခုတည်းကြောင့်သာ တိုင်းပြည်ပျက်စီးရေးစီမံကိန်းမှာ ပြည်သူကြိုက်အနုပညာရှင်များ၊ ပရဟိတအသင်းများ၊ Influencer များနှင့် မီဒီယာအသင်းအဖွဲ့များစွာက တက်တက်ကြွကြွ လော်ဘီလုပ်ကြခြင်းဖြစ်သည်။ နာမည်ကြီးအနုပညာရှင်များ၏ ဘဏ်အကောင့်များတွင် ဒေါ်လာသိန်းသောင်းချီထည့်ထားသည့် ငွေကျည်ဆန်ဒဏ်ကို သူသူကိုယ်ကိုယ် ဘယ်လိုလူစားမျိုးက ခံနိုင်မည်နည်း။ ဤသို့သော ငွေကြေးပမာဏက နိုင်ငံရှိ သိန်းချီအလုပ်လက်မဲ့များအတွက် နေ့စားလစားများအဖြစ် အလွန်တွက်ခြေကိုက်ခဲ့ကြမည် ဖြစ်သည်။ NLD အုပ်စုနှင့် အကျွမ်းတဝင် ဖြစ်သွားသည့် အစိုးရအရာထမ်းတချို့ဆိုလျှင်လည်း နောင် NLD အစိုးရဖြစ်လာသည့်အခါ ကြွဲကူးရေပါရလာနိုင်သည့် ရာထူးဂုဏ်ရှိန်၊ ပေါ်လာနိုင်သည့် ကိုယ်ကျိုးစီးပွားအနုဃ္ဃများစွာ ဆုံးရှုံးသွားရသည်ကို အနာဂတ်ပျောက်ပါပြီဆိုပြီး နိုင်ငံအဖျက်အမှောင့်လုပ်ငန်းတွင် စိုက်လိုက်မတ်တတ် ဆက်မိုက်ကြတာလည်းတွေ့ရ**

ကြွကြွ လော်ဘီလုပ်ကြခြင်းဖြစ်သည်။ နာမည်ကြီးအနုပညာရှင်များ၏ ဘဏ်အကောင့်များတွင် ဒေါ်လာသိန်းသောင်းချီထည့်ထားသည့်ငွေကျည်ဆန်ဒဏ်ကို သူသူကိုယ်ကိုယ် ဘယ်လိုလူစားမျိုးက ခံနိုင်မည်နည်း။ ဤသို့သော ငွေကြေးပမာဏက နိုင်ငံရှိ သိန်းချီအလုပ်လက်မဲ့များအတွက် နေ့စားလစားများအဖြစ် အလွန်တွက်ခြေကိုက်ခဲ့ကြမည်ဖြစ်သည်။ NLD အုပ်စုနှင့် အကျွမ်းတဝင် ဖြစ်သွားသည့် အစိုးရအရာထမ်းတချို့ဆိုလျှင်လည်း နောင် NLD အစိုးရဖြစ်လာသည့်အခါ ကြွဲကူးရေပါရလာနိုင်သည့် ရာထူးဂုဏ်ရှိန်၊ ပေါ်လာနိုင်သည့် ကိုယ်ကျိုးစီးပွားအနုဃ္ဃများစွာ ဆုံးရှုံးသွားရသည်ကို အနာဂတ်ပျောက်ပါပြီဆိုပြီး နိုင်ငံအဖျက်အမှောင့်လုပ်ငန်းတွင် စိုက်လိုက်မတ်တတ် ဆက်မိုက်ကြတာလည်း တွေ့ရသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ အမိန့်ညွှန်ကြားချက် (၁/၂၀၁၄)နှင့် (၁၇၃/၂၀၂၀) တို့ကို ဖောက်ဖျက်၍ ပျော်ဘွယ်မြို့နယ် ကျီရွာအုပ်စုတွင် ဘာသာရေး အဆောက်အအုံအား မဲဆွယ်စည်းရုံးရာ၌ အသုံးပြုခြင်း၊ ဘာသာရေးကို အကြောင်းပြ၍ ထောက်ခံဆန္ဒမဲပေးရန် တရားမဲ့ပြုကျင့်မှု ကျူးလွန်ခြင်း မှတ်တမ်းပုံ။



၂၉-၁၀-၂၀၂၀ ရက်နေ့က ရေတာရှည်မြို့နယ် မိချောင်းအိုင်ကျေးရွာအုပ်စု ဇရစ်ရိုးကျေးရွာ မဲရုံတွင် ကြိုတင်မဲဆန္ဒပြုနေစဉ် NLD ပါတီ၊ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါက်တာကျော်ကျော် မဲရုံနှင့် ကိုက် ၅၀၀ အတွင်း မဲဆွယ်စည်းရုံးမှု မှတ်တမ်းဓာတ်ပုံ။

## အကြောင်းကြောင့်အကျိုးဖြစ်ရသည်သာ

မည်သို့ဆိုစေ အရာရာတိုင်းသည် အကြောင်းကြောင့် အကျိုးဖြစ်ရသည်ချည်းပင်၊ သူတို့ဘာကြောင့် ဒီလိုလုပ်ခဲ့ကြသလဲ၊ အကျိုးရှိလို့သာ လုပ်ကြမည်ဖြစ်သည်၊ အကျိုးမရှိဘဲနှင့်တော့ လုပ်ကြမည်မဟုတ်။ နောက်ဆုံး အန္တိမရည်မှန်းချက်သည် တရုတ်နိုင်ငံကို ဝိုင်းပတ်ပိတ်ဆို့ချေမှုန်းရေးဟုဆိုလျှင် ယခုလို အိမ်နီးချင်းမြန်မာနိုင်ငံကို မတည်မငြိမ်ဖြစ်အောင်၊ စစ်မြေပြင်ဖြစ်အောင်လုပ်ထားပြီး အလုံးစုံပျက်စီးရေး (Totally collapse) သည် တရုတ်နိုင်ငံကို ပျက်စီးစေလိုသူများ၏ အစီအမံမှ အဆင့်တစ်ခု ဖြစ်ပါလိမ့်မည်။ မြန်မာနိုင်ငံ ပြိုကျပျက်စီးရေးအတွက်ဆိုလျှင် လူထုအုံကြွ၊ ဆန္ဒပြတော်လှန်ခိုင်းပြီး လူထုနှင့်တပ်မတော်ကို ရန်တိုက်ပေးသည်က ပထမအဆင့်၊ လိုအပ်လျှင် ပြည်တွင်းလက်နက်ကိုင်များနှင့် တပ်မတော်ကို စစ်တိုက်ခိုင်းပြီး ထပ်မံလိုအပ်ပါက R2P လို ပြည်ပကျူးကျော်စစ်အထိ အစီအစဉ်များရှိခဲ့မည် ဖြစ်သည်။

## ဥပဒေကို ချိုးဖောက်

ဤသို့အစီအစဉ်များအတွက် ICJ ၌ War Crime တရားခံအဖြစ် တပ်မတော်ကို အပြစ်ပုံချနိုင်ငံရေးကစားခဲ့ပုံများကို သတိရဆင်ခြင်နိုင်ရန် လိုအပ်ပါသည်။ ထို့အတွက်လည်း မဲမသမာမှုများ လုပ်ခဲ့ရသည်။ နိုင်ငံပျက်စီးကိန်းကို သိသိကြီးနှင့် အနောက်အုပ်စုနှင့် ဂျော့ဆိုးရော့ဇ်တို့ ဖြစ်ချင်သည့်အတိုင်း လုပ်ခဲ့ကြခြင်းဖြစ်သည်ဟုပင် ဆိုချင်သည်။ နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေကို ချိုးဖောက်ခဲ့ကြပြီး နိုင်ငံအပေါ် သစ္စာဖောက်ခဲ့ကြခြင်းပင်ဖြစ်သည်။ ဒေါ်လာသန်းချီ နိုင်ငံခြားငွေအရှုပ်တော်ပုံနှင့် အလွဲသုံးစားအဂတိများဖြစ်ခဲ့ပြီး နိုင်ငံလုံခြုံရေးစည်းများကျိုးပေါက်ခဲ့ရခြင်း၊ ဘာသာ၊ သာသနာအကျိုးဆုတ်ယုတ်ပျက်စီးရပြီး ပြည်သူလူထုအတွင်း စည်းလုံးညီညွတ်မှုပြိုကွဲခဲ့ရခြင်း၊ နောက်ထပ်အဆိုးတစ်ခုက နိုင်ငံအချို့နှင့် ဆက်ဆံရေးပျက်ပြားပြီး ယုံကြည်မှုနည်းလာကာ ရရှိပြီးသားဆုတံဆိပ်များ ပြန်လည်ရုပ်သိမ်းခံရသည်အထိ ခေါင်းဆောင် ပုံရိပ်ကျဆင်းခဲ့ရခြင်းများကို လက်ရှိအဆိုးများ၏ အကြောင်းတရားများအဖြစ် မှတ်ယူနိုင်ပါသည်။

ယခုအချိန်မှာတော့ နောက်ဆက်တွဲ အကျိုးဆက်များကို ဆက်လက်ခံစားလျက်၊ အသစ်အသစ်သော ထိုးနှက်ချက်များစွာကို ရင်ဆိုင်ဖြေရှင်းလျက် တည်ငြိမ်အေးချမ်းရေး၊ *စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

စည်းလုံးညီညွတ်ရေးကို မနည်းပြန်လည်တည်ဆောက်နေရသည်မှာ အားလုံးအသိပင်ဖြစ်သည်။ ရွေးကောက်ပွဲမတိုင်မီ အမှားများမှ ယနေ့ကာလ နောက်ဆက်တွဲအမှားများအဖြစ် CRPH၊ NUG တို့၏ဒဏ်ကို ဆိုးဆိုးရွားရွား ခံစားနေရသည့် ပြည်သူတို့၏အတွေ့အကြုံများ၊ သင်ခန်းစာများသည် မိမိတို့ပြောင်းလဲလိုသော အပြောင်းအလဲတိုင်း၏အခြေခံပင်ဖြစ်သည်။

အနာဂတ်မြန်မာနိုင်ငံရေးက ၁၉၈၈ တုန်းကလို၊ ၂၀၂၁ နောက်ပိုင်းကာလများကလို လှိုင်းကြီးလေထန်လို့ဖြစ်ပါ့မလား၊ ယခုအချိန်မှာ အလေးထားစဉ်းစားကြရတော့မည်ဖြစ်သည်။ မှားခဲ့သည့်သမိုင်းတွင် အမှားလုပ်ခဲ့သူများကို ထားရစ်ခဲ့စေချင်ပြီး သိလျက်နှင့် မှားတာဖြစ်ဖြစ်၊ မသိ၍မှားတာပဲဖြစ်ဖြစ် ခါးသီးမှုတွေ ထပ်ကြုံရမည်ကို အားလုံးကကြောက်ရွံ့နေကြပါပြီ။ တစ်စစီပျက်စီး၊ အလုံးစုံပျက်စီးမှုမှတစ်ဆင့် နိုင်ငံပျောက်လျှင် လူမျိုးပါပျောက် ဘာသာပါပျောက်မည်ကို ကျွန်တော်တို့မြန်မာများ တွေးပူသင့်ပါပြီ။

ဆီးရီးယားနိုင်ငံ၊ ယူကရိန်းနိုင်ငံ အခြေအနေများကိုကြည့်၍ မြန်မာနိုင်ငံတော်ကြီးကို စစ်မြေပြင်မဖြစ်သင့်တော့ပါ။ နိုင်ငံကို စစ်မြေပြင်အဖြစ်မခံဘဲ ကျရှုံးနိုင်ငံဖြစ်မည့်အရေးမှ ကယ်တင်နိုင်ရန် ကြိုးစားကြရပါမည်။ ၂၀၂၀ မတိုင်မီ အခြေအနေမျိုးက မရှိသင့်တော့သလို ၂၀၂၁ နောက်ပိုင်းအခြေအနေဆိုးများကိုလည်း ဆက်လက်မခံစားချင်ကြတော့ပါ။ တစ်ချိန်လုံးစစ်ဖြစ်မည့်အရေး ဖန်တီးနေ၍မဖြစ်ဘဲ နိုင်ငံအေးချမ်းမည့်အရေး၊ တိုးတက်မည့်အရေး ရေးရှုသူများလက်ထဲအာဏာအပ်နှင်းနိုင်ရေး အရေးကြီးလာပါပြီ။ ပြည်သူလူထုကိုယ်တိုင်ကလည်း အတွေးအခေါ်နည်းပြီး မြှောက်ပေးတိုင်းကြွတက်သူများ မဖြစ်သင့်တော့ပါ။

မြန်မာလူမျိုးအများစုကား တစ်ယောက်ယောက်က မြှောက်ပေးလျှင် ဖြစ်နိုင်၏/ မဖြစ်နိုင်၏၊ သင့်၏/ မသင့်၏ ၊ မှန်/ မမှန် မစဉ်းစား၊ အုန်းသီးကို ဆီဆွတ် မျိုချရန် ကြိုးစားသကဲ့သို့ အဆင်အခြင်မဲ့ လွန်းတဲ့စရိုက်တွေကို ဖျောက်ဖျက်သင့်ကြပြီဖြစ်သည်။ အထူးသဖြင့် လူငယ်များ အတွေ့အကြုံနုနယ်ခြင်းနှင့် တက်ကြွမှုအပေါ် အသုံးချလွှမ်းမိုးခြင်းခံရနိုင်သည်ကို သတိပြုရန်လိုပါသည်။ အရေးကြီးသည့်နိုင်ငံ၏ Institution များအကြား အတ္တ၊ မာနများ၊ ဘေးဖယ်မထီမဲ့မြင်မပြု အထင်သေးခြင်းများ မရှိကြဘဲ နားလည်မှုနှင့် ဆက်ဆံရေးကောင်းတည်ဆောက်နိုင်ရန်သာ အရေးကြီးပါကြောင်း ပိုမိုသဘောပေါက်သင့်ကြပါပြီ။

အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ရသော တပ်မတော်၏ တာဝန်ကို ပို၍နားလည်သင့်ပါသည်။ လစ်ဘရယ်ဖြစ်ဖြစ်၊ ဒီမိုကရေစီဖြစ်ဖြစ် မိမိသာအမှန်၊ သူကအမှား၊ ဒီမိုကရေစီအခွင့်အရေးများပိတ်ပင်၊ မီဒီယာလွတ်လပ်ခွင့်များလျှော့ချ၊ တစ်ချိန်တွင် အာဏာရှင်သာ ဖြစ်သွားတတ်သည့် သဘောကိုလည်း နားလည်သဘောပေါက်ထားရန် လိုပါသည်။

ကိုယ်ကျိုးစီးပွားဦးတည်လာသည့်အခါ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးဆိုသည်မှာ ပစ်ပယ်ခံရတတ်သည်ကို သင်ခန်းစာယူသင့်သည်။ လစ်ဘရယ်ဆန်သည့် ပရမ်းပတာဒီမိုကရေစီမျိုးထက် အမျိုးသားရေးဆန်သောဒီမိုကရေစီ (Nationalist Democracy) က မြန်မာတို့နှင့် ပို၍သင့်မည်လားတွေးမိသည်။ Nationalism ဆိုသည်မှာ Globalism နှင့် ဆန့်ကျင်ဘက်ဖြစ်၍ ယခုခေတ် ဝင်ရိုးစုံဗဟု (Multipolar) ကမ္ဘာကြီးတွင် Globalization မှ Regionalization ပြောင်းနေပုံအကြောင်း နိုင်ငံအကြီးအကဲ၏ ထောက်ပြပြောဆိုချက်မှတစ်ဆင့် သတိမူသင့်ကြပါသည်။

ကမ္ဘာတွင် American First မှစတင်၍ နေရာအချို့၌ အမျိုးသားနိုင်ငံရေးအားသန် နိုင်ငံခေါင်းဆောင်များ၊ ပါတီများ၊ အစိုးရများ တဖြည်းဖြည်းများလာနေကြောင်း သတိပြုရန်လိုပါသည်။ အမေရိကန်တို့၏ နိုင်ငံသားစိတ်ဓာတ် မပျောက်ပျက်အောင် ကာကွယ်စောင့်ရှောက်နေပုံကို ကြည့်၍ မိမိနိုင်ငံတွင်လည်း ကလေးသူငယ်မွေးစားခွင့်ကဲ့သို့ ကိစ္စရပ်များ ထပ်မံမဖြစ်အောင် ကြိုးစားထိန်းသိမ်းပေးမည့်သူ များစွာလိုအပ်နေပါသည်။

**ယခုအချိန်မှာတော့ နောက်ဆက်တွဲအကျိုးဆက်များကို ဆက်လက်ခံစားလျက်၊ အသစ်အသစ်သော ထိုးနှက်ချက်များစွာကို ရင်ဆိုင်ဖြေရှင်းလျက် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးကို မနည်း ပြန်လည်တည်ဆောက်နေရသည်မှာ အားလုံးအသိပင်ဖြစ်သည်။ ရွေးကောက်ပွဲမတိုင်မီ အမှားများမှ ယနေ့ကာလ နောက်ဆက်တွဲအမှားများအဖြစ် CRPH၊ NUG တို့၏ဒဏ်ကို ဆိုးဆိုးရွားရွားခံစားနေရသည့် ပြည်သူတို့၏ အတွေ့အကြုံများ၊ သင်ခန်းစာများသည် မိမိတို့ပြောင်းလဲလိုသော အပြောင်းအလဲတိုင်း၏ အခြေခံပင်ဖြစ်**

မိမိအချုပ်အခြာကို အဆုံးရှုံးခံမည့်သူ တစ်ပါးကျွန်ဖြစ်စေမည့် သစ္စာဖောက်များ နိုင်ငံရပ်ခြားအကျိုးအတွက် အဖွဲ့အစည်းထံ သစ္စာခံသူများ ထပ်မံမမွေးမိစေရန် လိုအပ်ပါသည်။ Lesson learned ထက် Study learned က ပိုကောင်းသည်ဖြစ်၍ သူများအတွေ့အကြုံမှ ကိုယ်တိုင်မျက်စိဖွင့် နားစွင့်ကိုယ်တိုင်လည်းလေ့လာ၊ ကိုယ်တိုင်လည်း ကြိုးစားလိုက်နာကြမှသာ အနာဂတ်နိုင်ငံသမိုင်းက ကြည်လင်လှပနေမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။



NLD ပါတီဝင် ဦးအောင်နိုင် (ခ) ဦးကျော်ကျော်နှင့် ကိုစိုးတို့မှ မဲစာရင်းကတ်ပြားအတု အလွတ်စာရွက်များအား ရေးသွင်းထုတ်ပေးခဲ့သည့် မဲစာရင်းကတ်ပြားအတုအား လက်ခံရရှိသူ၏ မှတ်တမ်းဓာတ်ပုံနှင့် မဲစာရင်းကတ်ပြားအတု မှတ်တမ်းဓာတ်ပုံ။



NLD ပါတီဝင် ဦးအောင်နိုင် (ခ) ဦးကျော်ကျော်နှင့် ကိုစိုးတို့မှ မဲစာရင်းကတ်ပြားအတု အလွတ်စာရွက်များအား ထုတ်ပေးနေသည့် မှတ်တမ်းဓာတ်ပုံ။



ကြို့ပင်ကောက် မြို့နယ် စစ်ကုန်း (၁) ကျေးရွာအုပ်စု မဲရုံအမှတ် (၁) ၌ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ရောနှောထည့်သွင်း အသုံးပြုခဲ့သည့် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ ဆန္ဒမဲလက်မှတ်များ မှတ်တမ်းပုံ။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်တို့ ရွှေမုဋ္ဌောဘုရားဓမ္မာရုံ၌ ကျောက်သေတ္တာစေတီနှင့် ပတ်သက်၍ ကျောက်သေတ္တာကြီးအား ဒရုန်းဖြင့် ရိုက်ကူးထားသော Video Clip များ ကြည့်ရှုစစ်ဆေးစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံတို့ စစ်ကိုင်းမြို့ ရတနာထွဋ်ခေါင်စေတီရှိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းမှုကြည့်ရှုစဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အင်းဝတံတား(စစ်ကိုင်း)ကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ရေးအတွက် မြန်မာစီးပွားရေးကော်ပိုရေးရှင်း (MEC)မှ ဦးဆောင်ပြီး အင်းဝတံတား(စစ်ကိုင်း) သံပေါင်များ ဆယ်ယူနေမှုများကို ယနေ့တွင် စစ်ကိုင်းတိုင်းဒေသ ကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးကြသည်။ ထို့နောက် Grade-12စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၁၂၈၀ အား စစ်ကိုင်းမြို့ ပတ္တမြားရပ်ကွက်ရှိ စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ကထိကများက ဘာသာရပ်အလိုက် သင်ခန်းစာများ အနီးကပ်သင်ကြားပို့ချနေမှုများကို ကြည့်ရှုအားပေးကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ် မဟာဝိဇယရံသီပုထိုးတော်မြတ်ကြီး မြတ်စွာဘုရားရှိ အပျက်အစီးများ ဖယ်ရှားရှင်းလင်းနေမှုကို ကြည့်ရှုစဉ်။

ယင်းနောက် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာ ကောင်းမှုတော်စေတီ၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီ၊ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်မြတ်စွာဘုရား၊ ပိုးတန်းရပ်ကွက်ရှိ ဘေသဇ္ဇကျောင်းတိုက်၊ ထွဋ်ခေါင်ရပ်ကွက်ရှိ ရတနာထွဋ်ခေါင်စေတီ၊ နန်းဦးမြို့သစ်ရှိ မရှိခဏစေတီနှင့် မဟာစေတီလှတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော သာသနိကအဆောက်အအုံများနှင့် အရန်စေတီများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ စေတနာရှင်ပြည်သူများနှင့် စေတနာရှင်ကုမ္ပဏီများမှ ပူးပေါင်း၍ စုပေါင်းလုပ်အားပေး ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးကြသည်။

ဆက်လက်ပြီး စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက်ရှိ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ ဆရာမများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများက အခြေခံစားသောက်ကုန်များ ပေးအပ်ပြီး ကျောင်းဆောင်အတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးရုံး၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးနေသော အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းနေမှုတို့ကို လည်းကောင်း၊ စစ်ကိုင်းမြို့ နန်းဦးမြို့သစ်နှင့် ပန်းပဲတန်းရပ်ကွက်ရှိ လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုတို့ကိုလည်းကောင်း ကြည့်ရှုအားပေးကြပြီး ထုံးဘိုရပ်ကွက်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် စောင့်ရှောက်ရေးစခန်းသို့ သွားရောက်၍ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စည်းကမ်းစနစ်တကျရှိစေရေးတို့အတွက် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ မန္တလေးတောင်တော်သို့ သွားရောက်၍ မန္တလေးတောင်တော် ဆုတောင်းပြည့်မြတ်စွာဘုရားအား ဖူးမြော်ပြီး ပန်း၊ ရေချမ်းများ ဆက်ကပ်ပူဇော်သည်။ ယင်းနောက် ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သော မွန်းတည့်သိမ်ဘုရားပြုပြင်နေမှုအခြေအနေများ၊ စန္ဒာမုခိဘုရားပြုပြင်နေမှုအခြေအနေများ၊ ဆုတောင်းပြည့်ဘုရား ရင်ပြင်တော်ရှိ ဂန္ဓကုဋိတိုက်ပြုပြင်နေမှု၊ အမိုးခုံးတိုင်များ ပြုပြင်နေမှု၊ ဓာတ်လှေကား၊ စက်လှေကားများ ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် လုပ်ငန်းပြီးစီးမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အရှေ့ဘက်စောင်းတန်းရှိ ဓာတ်တော်တိုက်နေရာ၊ မြတ်စောညီနောင်ဘုရားနှင့် ရသေ့ကြီးဦးခန္တီသီတင်းသုံးသော မဏ္ဍပ်နေရာ၊ နှစ်ကျိပ်ရှစ်ဆူဘုရား၊ ဗျာဒိတ်ပေးရုပ်ပွားတော်မြတ်ကြီး နေရာများသို့သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် အောင်မြေသာစံမြို့နယ်ရှိ Sky Villa နေရာသို့သွားရောက်၍ အပျက်အစီးများ ဖယ်ရှားရှင်းလင်းခြင်းလုပ်ငန်း တိုးတက်မှုအခြေအနေများအား သွားရောက်ကြည့်ရှု၍ လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

*စာမျက်နှာ ၉ သို့*



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ မန္တလေးတောင်တော် ဆုတောင်းပြည့်ဘုရားရင်ပြင်တော်ရှိ ဂန္ဓကုဋိတိုက်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်းဖွင့်လှစ်



**နေပြည်တော် မေ ၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) ဖြင့် ဆန္ဒမဲပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ မဲပေးစက်အသုံးပြုခြင်းဆိုင်ရာ နည်းပြဆရာဖြစ်သင်တန်း သင်တန်းဖွင့်ပွဲကို ယနေ့ညနေ ၄ နာရီတွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ကချင်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်က မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရေးနှင့် စပ်လျဉ်းပြီး သင်တန်းပို့ချခြင်း ဖြစ်ကြောင်း၊ သင်တန်းသားများ အနေဖြင့် သေချာစွာ လိုက်နာမှတ်သားပြီး ဆင့်ပွားသင်တန်းများ ပြန်လည်ပို့ချရာတွင် ရှင်းရှင်းလင်းလင်းနှင့် ထိရောက်စွာ ပို့ချဆောင်ရွက်နိုင်ရန် လိုကြောင်း၊ သို့မှသာ ရွေးကောက်ပွဲကာလလက်တွေ့အသုံးပြုဆောင်ရွက်ရာတွင် အခက်အခဲအမှားအယွင်းကင်းစွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြု၍ မဲပေးခြင်းဖြင့် ပယ်မဲဖြစ်ပေါ်မှု မရှိခြင်း မဲရေတွက်ခြင်းအတွက် အချိန်ကြန့်ကြာမှုများ၊ ကိန်းဂဏန်းလွဲမှားမှုများကို ကျော်လွှားပြီး အချိန်တိုအတွင်း တိကျမှန်ကန်သည့်မဲရလဒ်များ ထုတ်ပြန်ဆောင်ရွက်နိုင်မည်ဖြစ်၍ အငြင်းပွားဖွယ်ဖြစ်ရပ်များ၊ မဲမသမာမှုများလည်းမရှိနိုင်တော့ဘဲ ပိုမိုပွင့်လင်းမြင်သာသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်လာမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် သင်တန်းအား အလေးအနက်ထားအာရုံစိုက် တက်ရောက်ကြရန် ပြောကြားသည်။

ယင်းနောက် ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းရေးရာကိစ္စများ၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ ဆွေးနွေးခဲ့ကြပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်ရှိ အနောက်ထီးလင်းတိုက်၊ အမရပူရမြို့နယ်ရှိ မဟာဝိဇယရံသီပုထိုးတော်မြတ်ကြီးမြတ်စွာဘုရား၊ ကျောက်တော်ကြီးမြတ်စွာဘုရားနေရာများရှိ ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်းနှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဘုရားစေတီပုထိုးများတွင် ရေးမှုမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ကြီးတံခွန်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ အလက(၂၀)သို့ သွားရောက်၍ ငလျင်ဒဏ်သင့်၍ ထိခိုက်ပျက်စီးခဲ့သည့်အပျက်အစီးများအားဖယ်ရှားရှင်းလင်းနေမှုများနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ကျောင်းသားကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ရွှေမုဋ္ဌောဘုရားဓမ္မာရုံ၌ ကျောက်သေတ္တာစေတီနှင့် ပတ်သက်၍ ကျောက်သေတ္တာကြီး မူလအခြေအနေမှတိမ်းစောင်းသွားမှုအခြေအနေ၊ လက်ရှိတည်ရှိနေမှုအခြေအနေများကို ဒရုန်းဖြင့် ရိုက်ကူးထားသော Video Clip များ၊ မှတ်တမ်းဓာတ်ပုံများအား အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး အင်ဂျင်နီယာကောင်စီမှ ပြန်လည်ပေးပို့လာသော ဆောင်ရွက်သင့်သည့်လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများကို အသေးစိတ်ဆွေးနွေးကြသည်။

ထို့နောက် ကျောက်ဆည်မြို့ မင်းရဲဆည်မှ မင်းရဲမြောင်းနှင့် တမုတ်မြောင်းတစ်လျှောက် ရေပေးဝေနေမှုအခြေအနေများ၊ ဆည်ပေါင်မြေထိန်းနံရံပျက်စီးနေမှုအခြေအနေများ၊ မင်းရဲမြောင်းနှင့် တမုတ်မြောင်းတစ်လျှောက် မြောင်းမြေထိန်းနံရံနှင့် ကြွခိုင်မှုအခြေအနေများနှင့် ဇော်ဂျီမြစ်မြေထိန်းနံရံများ မိုးမကျမီ ပြန်လည်ပြုပြင်ဆောင်ရွက်မည့်အခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် ကျောက်ဆည်မြို့ ဈေးတန်းရပ်ကွက်ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံနှစ်လုံးအား စက်ယန္တရားဖြင့် ရှင်းလင်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်အန္တရာယ်မရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စနစ်တကျပြုလုပ်ဆောင်ရွက်သွားရန်မှာကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့် ဘုတ်အဖွဲ့များ ဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ ၅၆၀၇ လုံးကို စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ ၅၃၂၃ လုံး၊ ဦးစားပေး ဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိအဆောက်အအုံ ၂၈၄ လုံးအနက် အဆောက်အအုံ ၂၁၉ လုံးကို ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန် အဆောက်အအုံ ၆၅ လုံး ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ စဉ့်ကိုင်မြို့နယ် ရှမ်းကန်ကျေးရွာအုပ်စုရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)သို့သွားရောက်စစ်ဆေးပြီး ပျက်စီးသွားသော စာသင်ဆောင်များအား အမြန်ပြုပြင်နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနသို့ အမြန်ဆုံးတင်ပြ၍ လမ်းညွှန်မှုခံယူသွားရန်၊ သင်ထောက်ကူပစ္စည်းများအား စနစ်တကျ ဆယ်တင်ထိန်းသိမ်းထားရှိရန်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချမ်းမြသာစည်မြို့နယ်၌ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်



**မန္တလေး မေ ၃**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် သံလျက်မော်တောင် ရပ်ကွက်အတွင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအား ယမန်နံနက်ပိုင်းက နိုင်ငံသားစိစစ်ရေးကတ်များ၊ အိမ်ထောင်စုစာရင်းများ ကွင်းဆင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ငလျင်ဘေးဒဏ်သင့်ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်များ၊ အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူများကို ပန်းခင်းစီမံချက် အဆင့်(၃)ဖြင့် ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဦးဟိန်းကျော်အောင်၊ မြို့နယ်ဦးစီးမှူး ဦးရဲမင်းထွန်း၊ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ ဗိုလ်မှူးထွန်းဇံဖြူနှင့် အဖွဲ့ဝင် များ လာရောက်ကြည့်ရှု အားပေးသည်။

**ဇော်ဘီ**

## နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၃**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ ၄ ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ဂုဏ်ပြုဆောင်းပါး

# ရှာဖွေကယ်ဆယ် စွမ်းရည်ကြွယ်လျက် ပေးဆပ်အပ်နှင်း ဂုဏ်ရည်သင်းသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့

■ ညောင်ဦးဖီး

ယနေ့ အိုင်တီနည်းပညာခေတ်တွင် အပူရှိန်မြင့်မားလာသော ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်တို့သည် သဘာဝဘေးအန္တရာယ်များစွာကို ဖိတ်ခေါ်လျက်ရှိပြီး ပျက်စီးဆုံးရှုံးမှုများကို ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်နေရလျက်ရှိသည်။

မိုးကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ တောမီးလောင်ခြင်းနှင့် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်လာခြင်းတို့ကိုကြုံတွေ့လာရပြီး နောက်ဆက်တွဲဖြစ်စဉ်များကိုလည်း ခံစားကြရလျက်ရှိသည်။ ရာသီဥတုပြောင်းလဲလာမှုကြောင့် သဘာဝဖြစ်စဉ်များလည်း ပြောင်းလဲဖြစ်ပေါ်ခဲ့ရာ အစာရေစာရှားပါးလာခြင်း၊ နေရပ်ဒေသကိုစွန့်ခွာ၍ ပြောင်းရွှေ့နေထိုင်ခြင်း၊ ဆန်းသစ်သော ရောဂါများခံစားလာရခြင်းနှင့် လူသားတို့၏ လူ့စွမ်းအားအရင်းအမြစ်များ ထိခိုက်လာခြင်းတို့ တစ်နှစ်ထက်တစ်နှစ် ကြုံတွေ့လာရလျက်ရှိသည်။

အထူးသဖြင့် သဘာဝဘေးအန္တရာယ်၏ ခြိမ်းခြောက်မှုကို နှစ်စဉ်ကြုံတွေ့လာရခြင်းပင်ဖြစ်သည်။ ချိန်ခါမရွေးဖြစ်ပေါ်နိုင်သော သဘာဝဘေးအန္တရာယ်ကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ခေတ်မီနည်းပညာကဏ္ဍသည် အရေးပါလာသော်လည်း ကြိုတင်တွက်ချက်၍မရသော ငလျင်ကဲ့သို့ သဘာဝဘေးအန္တရာယ်ကိုလည်း ကမ္ဘာ့နိုင်ငံများ ရင်ဆိုင်လာရလျက်ရှိသည်။

ပုဂံခေတ်မှစ၍ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးကာလမှ ယနေ့ခေတ်သို့တိုင် ခေတ်အဆက်ဆက်တွင် နိုင်ငံနှင့်ပြည်သူလူထုကို သဘာဝဘေးအန္တရာယ် အမျိုးမျိုးတို့မှ ကာကွယ်စောင့်ရှောက်ပေးခဲ့သော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အဖြစ် ပေါ်ထွန်းလာခဲ့သည်မှာ နှစ်ပေါင်း ၁၀၀၀ နီးပါး ဖြစ်တည်လာခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် တိုင်းရင်းသားပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်နှင့် ပစ္စည်းဥစ္စာတို့ကို မီးဘေးအန္တရာယ်နှင့် အခြားသောဘေးအန္တရာယ်အမျိုးမျိုးတို့မှ ခေတ်အဆက်ဆက်ကာကွယ်စောင့်ရှောက်၍ သမိုင်းဂုဏ်ဒြပ် အစဉ်အလာကြီးမားစွာ ရပ်တည်ခဲ့သည်မှာ ၂၀၂၅ ခုနှစ် မေလ ၅ ရက်နေ့ဆိုလျှင် မီးသတ်တပ်ဖွဲ့ကြီးတည်ထောင်ခဲ့မှုသည် (၇၉)နှစ်သို့ ဝင်ရောက်ခဲ့ပြီဖြစ်သည်။



မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ မန္တလေးငလျင်ကြီးကြောင့် ဇမ္ဗူသီရိမြို့နယ် ဥတ္တရသိဒ္ဓိရပ်ကွက်အတွင်း ပိတ်မိနေသူများအား ကူညီကယ်ထုတ်ပေးစဉ်။ (၁-၄-၂၀၂၅)

သဘာဝဘေးအန္တရာယ်နှင့် မီးဘေးအန္တရာယ်ဖြစ်စဉ်တို့တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတို့၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က သမိုင်းစာမျက်နှာကောင်းများစွာ ရေးထိုးထားနိုင်ခဲ့သော တပ်ဖွဲ့တစ်ခုအဖြစ် ယနေ့တိုင် ဂုဏ်တင့်လျက်ရှိပြီး နိုင်ငံတကာမီးသတ်စွမ်းရည်ပြိုင်ပွဲတို့တွင်လည်း ဆုတံဆိပ်များကို ဆွတ်ခူးပေးနိုင်ခဲ့သည်အထိ နိုင်ငံ့ဂုဏ်ဆောင်မီးသတ်တပ်ဖွဲ့အဖြစ် အတိတ်သမိုင်းကောင်းများကို ပိုင်ဆိုင်ထားသော တပ်ဖွဲ့တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်တို့တွင် အသက်ကိုစွန့်၍ ရှာဖွေကယ်ဆယ်ခြင်းနှင့် မီးငြိမ်းသတ်ခြင်းတို့သည် မီးသတ်တပ်ဖွဲ့ဝင်တို့၏ စွမ်းဆောင်ရည်တစ်ရပ်ဖြစ်ပြီး မုန်တိုင်းဘေးနှင့် ငလျင်ဘေးတို့တွင် တိုင်းပြည်အတွက် အားထားရသော တပ်ဖွဲ့တစ်ခုအဖြစ် ပြည်သူတို့၏ ရင်အတွင်း တစ်ခုတ်တရ သိမ်းဆည်းထားရသည်အထိ လေးစားတန်ဖိုးထားမှုကို စံချိန်တင်ရရှိထားသော တပ်ဖွဲ့တစ်ခုလည်း ဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ရခိုင်ပြည်နယ်တွင် တိုက်ခတ်ခဲ့သည့် ‘မိုခါ’ မုန်တိုင်းဖြစ်စဉ်တွင်လည်း နေ့မအားညမနားဖြင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသည့်နည်းတူ တိုင်းဒေသကြီးနှင့် ပြည်နယ်အများအပြားအား ရေဘေးဖြစ်ပေါ်စေခဲ့သည့် ‘ရာဂီ’ မုန်တိုင်းဖြစ်စဉ်တွင်လည်း ရှေ့တန်းမှတက်ကြွစွာ ရှာဖွေကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့တွင် လပေါင်းများစွာ ဆောင်ရွက်ခဲ့ကြသည်မှာ မီးသတ်တပ်ဖွဲ့ဝင်တို့၏ တိုင်းပြည်နှင့်လူမျိုးအပေါ်ထားရှိသည့် စေတနာမေတ္တာတရားကို ပြသလိုက်ခြင်းပင်ဖြစ်သည်။

၂၀၂၄ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့တွင် တောင်တရုတ်ပင်လယ်၌ အစပျိုးဖြစ်ပေါ်ခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့အား ဖြတ်ကျော်ဝင်ရောက် တိုက်ခတ်ခဲ့သည့် ထိုနှစ်အတွင်း အာရှ၌ ပြင်းအားအကြီးမားဆုံးနှင့် အဖျက်စွမ်းအားမြင့်မားသည့် ‘ရာဂီ’ တိုင်ဖွန်းမုန်တိုင်းအရှိန်ကြောင့် မြန်မာနိုင်ငံတစ်ဝန်းတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာသွန်းခဲ့ပြီး နေရာကွက်၍ မိုးကြီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။ တိုင်ဖွန်းမုန်တိုင်း ‘ရာဂီ’ ၏ အရှိန်သက်ရောက်မှုသည် မြန်မာနိုင်ငံအရှေ့ပိုင်းဒေသများ၊ မြန်မာနိုင်ငံအနောက်ပိုင်းဒေသများ မုတ်သုံလေအားကောင်းခဲ့ပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသသည်လည်း မိုးထစ်ချုန်းရွာသွန်းခြင်းနှင့် မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခြင်းတို့ကို ကြုံတွေ့ခဲ့ရရာ စက်တင်ဘာ ၁၀ ရက်နေ့မှစတင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်များတွင် လျှပ်တစ်ပြက်ရေကြီးရေလျှံမှုဖြစ်စဉ်များဖြစ်ပေါ်ခဲ့ရာ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကွပ်ကဲမှုအောက်ရှိ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီမှ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီရှင်းလင်းရေးလုပ်ငန်းတို့ကို လျင်မြန်စွာ လုပ်ဆောင်ခဲ့ကြသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် မြန်မာနိုင်ငံအတွင်း မုတ်သုံလေဝင်ရောက်၊ ထွက်ခွာချိန်တို့တွင် ဖြစ်ပေါ်တတ်သည့် မိုးလေဝသဖြစ်စဉ်များအား စောင့်ကြည့်လေ့လာလေ့ရှိပြီး ယင်းကာလ၌ နိုင်ငံတော်အတွင်း မိုးအဆက်မပြတ် ရွာသွန်းခြင်းနှင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် ရေကြီးရေလျှံ ဖြစ်စဉ်များသည် ဇွန်လနှောင်းပိုင်းမှစ၍ အောက်တိုဘာလကုန်အထိ ဒေသများအလိုက် ဖြစ်ပွားနိုင်ကြောင်း ခန့်မှန်းသိရှိထားသဖြင့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပွားပေါ်ပေါက်လာပါက အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်နိုင်ရန် အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးယာဉ်၊ စက်ပစ္စည်းကိရိယာများနှင့် တပ်ဖွဲ့ဝင်များအား အမြဲအသင့်အနေအထားဖြင့် စုဖွဲ့ထားရှိခဲ့သည်။ ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်များတွင် သဘာဝဘေး စတင်ဖြစ်ပွားချိန်မှစ၍ ရှာဖွေကယ်ဆယ်ရေး၊ သောက်သုံးရေပေးဝေရေးနှင့် ကူညီရှင်းလင်းရေးလုပ်ငန်းတို့ကို အင်တိုက်အားတိုက်ဖြင့် ထိရောက်မြန်ဆန်စွာဆောင်ရွက်ခဲ့သည်။

သဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ရန် ဒေသအလိုက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြို့နယ်များတွင် တစ်မြို့နယ်လျှင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်အင်အား ၃၅ ဦးစီပါဝင်သော တပ်စုတစ်စုစီဖြင့် တပ်စုပေါင်း ၃၃၃ စုဖြင့် လည်းကောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်တစ်ခုစီတွင် ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်အင်အား ၁၁၆ ဦးစီပါဝင်သော တပ်ခွဲတစ်ခွဲစီဖြင့် လည်းကောင်း၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်(ရန်ကုန်)အပါအဝင် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့စသည့် မြို့ကြီးများတွင် ရှာဖွေကယ်ဆယ်ရေးအထူးအဖွဲ့ တပ်ဖွဲ့ဝင်အင်အား ၅၀ တို့ကိုလည်းကောင်း အသင့်စုဖွဲ့ထားရှိပြီး၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံး ယာဉ်/စက်ပစ္စည်းကိရိယာများအနေဖြင့် ရေပြင်ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာအမျိုးအစား ၂၈ မျိုးဖြင့် အရေအတွက် ၅၈၆၅၃ ခု၊ မြေပြင်ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာအမျိုးအစား ၅၈ မျိုးဖြင့် အရေအတွက် ၄၂၉၈၈ ခု တို့အား သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်မီးသတ်စခန်းများအလိုက် ဖြန့်ခွဲထားရှိကြသည်။

ရေကြီးရေလျှံမှုဖြစ်ပွားနိုင်သည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စဉ်ကာလအတွင်း အသုံးပြုရန်လိုအပ်သည့်စားရေရိက္ခာများကို နှစ်ပတ်စာ အသင့်ပြင်ဆင်စုဆောင်းထားရှိမှုတို့ဖြင့် အသင့်စုဖွဲ့ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် တိုင်ဖွန်းမုန်တိုင်း ‘ရာဂီ’ အရှိန်သက်ရောက်မှုကြောင့် ရေကြီးရေလျှံဖြစ်ပွားနိုင်သည့် တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ရေဘေးအန္တရာယ်သတိပေးချက်များ ထုတ်ပြန်၍ မြို့နယ်ပေါင်း ၃၂ မြို့နယ်တွင် သန္ဓေ ၂၇၉ ဦး၊ အရန် ခုနစ်ဦး၊ မီးသတ်ယာဉ် ၆၉ စီးဖြင့် လှည့်လည်၍ ၆၉ ကြိမ်အထိ သတိပေးဆော်ဩခဲ့ပြီး ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သော ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုနယ်မြေ နေပြည်တော်သို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၆၉ ဦး၊ စက်လှေ ခြောက်စင်း၊ ပဲခူးတိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်ရှစ်ဦး၊ စက်လှေ တစ်စင်း၊ မကွေးတိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင် ၁၆ ဦး၊ စက်လှေနှစ်စင်း၊ မန္တလေးတိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်ရှစ်ဦး၊ စက်လှေ နှစ်စင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၆ ဦး၊ စက်လှေ နှစ်စင်းတို့ကို ထပ်မံအင်အားဖြည့်ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် စက်တင်ဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၁၀ ရက်အထိ ရေကြီးရေလျှံဖြစ်ပွားခဲ့သည့် မြို့နယ်ပေါင်း ၃၄ မြို့နယ်တွင်

*စာမျက်နှာ ၁၁ သို့*

**❖ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က သမိုင်းစာမျက်နှာကောင်းများစွာ ရေးထိုးထားနိုင်ခဲ့သော တပ်ဖွဲ့တစ်ခုအဖြစ် ယနေ့တိုင် ဂုဏ်တင့်လျက်ရှိပြီး နိုင်ငံတကာမီးသတ်စွမ်းရည်ပြိုင်ပွဲတို့တွင်လည်း ဆုတံဆိပ်များကို ဆွတ်ခူးပေးနိုင်ခဲ့သည်အထိ နိုင်ငံ့ဂုဏ်ဆောင်မီးသတ်တပ်ဖွဲ့အဖြစ် အတိတ်သမိုင်းကောင်းများကို ပိုင်ဆိုင်ထားသည့် တပ်ဖွဲ့တစ်ခုအဖြစ် ရပ်တည်လျက်ရှိ**

**❖ သဘာဝဘေးအန္တရာယ်တို့တွင် အသက်ကိုစွန့်၍ ရှာဖွေကယ်ဆယ်ခြင်းနှင့် မီးငြိမ်းသတ်ခြင်းတို့သည် မီးသတ်တပ်ဖွဲ့ဝင်တို့၏ စွမ်းဆောင်ရည်တစ်ရပ်ဖြစ်ပြီး မုန်တိုင်းဘေးနှင့် ငလျင်ဘေးတို့တွင် တိုင်းပြည်အတွက် အားထားရသောတပ်ဖွဲ့တစ်ခုအဖြစ် ပြည်သူတို့၏ရင်အတွင်း တစ်ခုတ်တရ သိမ်းဆည်းထားရသည်အထိ လေးစားတန်ဖိုးထားမှုကို စံချိန်တင်ရရှိထားသော တပ်ဖွဲ့တစ်ခုလည်းဖြစ်**

**❒ မြန်မာနိုင်ငံသို့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား အစရှိသည့်နိုင်ငံများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည်** Portable Satellite Communication System **ပါရှိသော အဖွဲ့များဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ နေ့၊ ညမပြတ် ဆောင်ရွက်ရာ၌ အသက်ပေါင်းများစွာကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ကယ်တင်နိုင်ခဲ့ပြီး ထိခိုက်သေဆုံးသူများကိုလည်း ထုတ်ယူနိုင်ခဲ့**

*စာမျက်နှာ ၁၀ မှ*

ရှာဖွေကယ်ဆယ်ရေး၊ ကူညီရှင်းလင်းရေး၊ ပြန်လည်ထူထောင်ရေးနှင့် သောက်သုံးရေဖြန့်ဝေမှုတို့ကို စောင့်မျှော်နေကြသည့် ပြည်သူတို့ထံ အရောက်လှမ်း၍ နွေးထွေးပျူငှာစွာဖြင့် အားပေးနှစ်သိမ့် ဖေးမကူညီခဲ့ကြသည်။

**နိုင်ငံတော်အကြီးအကဲက တွေ့ဆုံအားပေး ထောက်ပံ့**

ထိုသို့ ရေဘေးသင့်ဒေသများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ထမ်းဆောင်နေကြသည့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရဲတပ်ဖွဲ့ဝင်တို့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တွေ့ဆုံအားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများပေးအပ်ခဲ့ကာ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ရေကြီး၊ ရေလျှံဖြစ်ပွားခဲ့သည့် မြို့နယ်များတွင် ရှာဖွေကယ်ဆယ်ရေးနှင့် ကူညီရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေသည့် နေရာများနှင့် ကယ်ဆယ်ရေးစခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ ရေဘေးသင့်ပြည်သူတို့အား ရိက္ခာနှင့်ထောက်ပံ့ငွေများပေးအပ်ကာ အားပေးစကားများ ပြောကြားခဲ့သည်။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ပြည်သူများ အတိဒုက္ခကြုံတွေ့ရပါက ရှေ့တန်းမှ မားမားမတ်မတ်ရပ်တည်လျက် ဖြေရှင်းဆောင်ရွက်ပေးလေ့ရှိသည်မှာ နိုင်ငံ့ဖခင်တစ်ဦး၏ မေတ္တာတရားကို တွေ့မြင်ရလိုက်ခြင်းပင်ဖြစ်သည်။ နိုင်ငံတွင် မည်သို့သောအခက်အခဲများ ဖြစ်ပေါ်လာတိုင်း နိုင်ငံတော်နှင့်ပြည်သူ ဟန်ချက်ညီညီ လက်တွဲညီညီဖြင့် မာန်ဟုန်ပြင်းပြင်း ဝင်ရောက်လာလေ့ရှိသည့် အဖျက်အမှောင့်တို့ကို ဝိုင်းဝန်းဖြေရှင်းကျော်လွှားနိုင်ခြင်းဖြင့် အခက်အခဲဟူသမျှသည် ပိန်းကြာရွက်ပေါ် ရေမတင်သည့်ပမာ ကင်းစင်လျော့ကျသွားစေမည်မှာ အမှန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံတွင် အဖျက်အမှောင့်ကြီးမားသော လေဘေး၊ ရေဘေးများ ကြုံတွေ့ရပြီးနောက် ၂၀၂၅ ခုနှစ်၏ နှစ်ဆန်းပိုင်းတွင် ငလျင်ဘေးကို ထပ်မံကြုံတွေ့ခဲ့ရပြန်သည်။ သို့သော် မည်သို့သောအခြေအနေတွင်ရှိပါစေ အရှုံးပေး အားငယ်လေ့မရှိသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက ငလျင်ဒဏ်ကြောင့် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်မပြတ်ဆောင်ရွက်ခြင်း၊ ထိခိုက်ပျက်စီးမှုကို ရှင်းလင်းဖယ်ရှားခြင်း၊ ပြန်လည်တည်ဆောက်ရေးနှင့် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရေးတို့ကို အချိန်နှင့်အမျှ နိုင်ငံတော်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိသည်။ နှစ်စဉ် ငလျင်ဘေးအန္တရာယ် ဇာတ်တိုက်သရုပ်ပြ လေ့ကျင့်ထားမှုများ၏ အသီးအပွင့်များအဖြစ် လူ့အသက်ပေါင်းများစွာကို အချိန်မီ ကူညီကယ်ဆယ်နိုင်ခဲ့ကြသည်။ အထူးသဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ကိုယ်ကျိုးမဖက် အသက်စွန့်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုသည် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ သမိုင်းစာမျက်နှာသစ်တွင် ရွှေရောင်ကမ္ပည်းရေးထိုးနိုင်ခဲ့ခြင်းပင်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်အမျိုးအစားများတွင် ငလျင်ဘေးအန္တရာယ်သည် ထိခိုက်ပျက်စီး ဆုံးရှုံးမှုနှင့် လူသေဆုံးမှုများပြားတတ်ပြီး အဖျက်စွမ်းအားကြီးမားသည့် ဘေးအန္တရာယ်တစ်မျိုးဖြစ်သည်။

၁၉၈၅ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံတွင် ဖြစ်ပွားခဲ့သည့်အင်အား ၈ ဒသမ ၀ ရစ်(ခ်) တာစကေး အဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်စဉ်နှင့် ၁၉၈၈ ခုနှစ်တွင် အာမေးနီးယားနိုင်ငံ၌ ဖြစ်ပွားခဲ့သည့် အင်အား ၆ ဒသမ ၈ ရစ်(ခ်) တာစကေးအဆင့်ရှိ ငလျင်လှုပ်ခတ်မှုဖြစ်စဉ်တို့တွင် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသွားရောက်၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ညှိနှိုင်းပေါင်းစပ်မှု အားနည်းခြင်းနှင့် ထိုအချိန်က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆိုင်ရာ နိုင်ငံတကာ စံသတ်မှတ်ချက်များ မရှိခြင်းတို့ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများ ထိရောက်စွာ လုပ်ဆောင်နိုင်ခြင်း မရှိခဲ့ဘဲ နှောင့်နှေးကြန့်ကြာမှုများရှိခဲ့၍ သေဆုံးမှုများစွာ ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် ၁၉၉၁ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးက ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အအုံ ပြိုကျမှုဖြစ်စဉ်တို့တွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ကြမည့် မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့(Urban Search and Rescue Team)များသည် နိုင်ငံတကာစံနှုန်းများနှင့်လမ်းညွှန်ချက်များ သတ်မှတ်ပေးနိုင်ရန်၊ နိုင်ငံတကာ ဘေးအန္တရာယ် တုံ့ပြန်ရေးလုပ်ငန်းများ ပိုမိုညှိနှိုင်းဆောင်ရွက်နိုင်ရန်နှင့် အဖွဲ့ဝင်နိုင်ငံများအချင်းချင်း သတင်းအချက်အလက်နှင့် လုပ်ထုံးလုပ်နည်းများ ဖလှယ်နိုင်ရန် စသည့် ကောင်းမွန်သောရည်ရွယ်ချက်များဖြင့် နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေး အကြံပေးအဖွဲ့ (International Search and Rescue Advisory Group – INSARAG) ကို စတင်ဖွဲ့စည်းတည်ထောင်ခဲ့ကြသည်။

ထို့ကြောင့် မြန်မာနိုင်ငံငလျင်သင့်ဒေသသို့ ရောက်ရှိလာကြသည့် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များက အဆောက်အအုံများအတွင်း ပိတ်မိနေသူများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့်လက်တွဲ၍ ရှာဖွေကယ်ဆယ်နိုင်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက မီးသတ်တပ်ဖွဲ့နှင့်အတူ နေ့၊ ည မပြတ် ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်ခဲ့ကြရာတွင် နိုင်ငံတကာမှ ကရုဏာမျက်ဝန်းများ၊ နိုင်ငံတစ်ဝန်းမှ ပြည်သူတို့၏ ကျေးဇူးတင်ပုံရိပ်တို့ ဖုံးလွှမ်းနေသူများနှင့် နှစ်ထောင်းအားရသော ဝမ်းသာပီတိမျက်ရည်များဖြင့် ကြည့်ရှုနေခဲ့ကြသည်။ အထူးသဖြင့် အသက်ပေါင်းများစွာကိုကယ်တင်လိုသည့် မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းစွမ်းတမံ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြပြီး မိမိနိုင်ငံ၏ ရေမြေသဘာဝကိုပိုမိုသိရှိသော မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် ပိုမိုပင်ပန်းဆင်းရဲမှုများ ကြုံတွေ့ခဲ့ရသော်လည်း **“ငါ့နိုင်ငံသား၊ ငါ့လူမျိုး၊ ငါ့မိဘဆွေမျိုးများ”**ဟူသော သွေးသားစိတ်ထားဖြင့် အသက်တစ်ချောင်းကို မိမိတို့အသက်နှင့် အလဲအထပ်လုပ်ကာ အခက်အခဲများကြားမှ ကယ်ဆယ်နိုင်ခဲ့ခြင်းများသည် ထူးမြတ်သောကုသိုလ်တစ်ခုအဖြစ် တပ်ဖွဲ့ဝင်များ ခံစားရရှိနေမည်ဖြစ်ပြီး အသက်များစွာကို ကယ်ဆယ်ပေးနိုင်ခဲ့သည့် နတ်သားများပမာ ဂုဏ်ပြုထိုက်သူများပင်ဖြစ်သည်။

၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်နေ့က အင်အားအလွန်ပြင်းထန်သော မန္တလေးငလျင်ကြီး လှုပ်ခတ်မှုဖြစ်စဉ်တွင် အထူးရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့သည် နေပြည်တော်၌ အခြေပြုကာ ပြိုကျနေသည့် အဆောက်အအုံများအတွင်း အသက်ရှင်လျက် ပိတ်မိ၊ ပိမိနေသူများကို နေ့မအား ညမနား ရှာဖွေကယ်ဆယ်နိုင်ခဲ့သည့်အပြင် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဘယ်လာရုစ်၊ UAE၊ စင်ကာပူ၊ တူရကီယဲ၊ အင်ဒိုနီးရှား၊ ဗီယက်နမ်၊ ထိုင်း၊ မလေးရှားနှင့် ဘင်္ဂလားဒေ့ရှ်မှ မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့များကလည်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

မတ်လ ၂၉ ရက်နေ့တွင် ဇမ္ဗူသီရိမြို့နယ် သပြေကုန်းရပ်ကွက် (၃)ထပ်တိုက် အဆောက်အအုံ ပြိုကျမှုနှင့် ဥတ္တရသီရိမြို့နယ် “ပင်လုံဆေးရုံ” အဆောက်အအုံပြိုကျမှုတို့တွင် ပိတ်မိနေသူတို့အား အခက်အခဲများကြားမှ အသက်ရှင်လျက် ကယ်ထုတ်နိုင်ခဲ့သည်။ ဧပြီလ ၁ ရက်နေ့တွင် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် ဝန်ထမ်းအိမ်ရာတိုက်အမှတ် ၃၃၆၉ ပြိုကျမှုဖြစ်စဉ်နှင့် ပုဗ္ဗသီရိမြို့နယ် အေးချမ်းသာဟိုတယ် အဆောက်အအုံပြိုကျမှုတို့တွင် ပိတ်မိနေသူ နှစ်ဦးတို့အား အသက်ရှင်လျက် အောင်မြင်စွာကယ်ထုတ်နိုင်သည့် ဖြစ်စဉ်တို့သည် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ အထူးရှာဖွေကယ်ဆယ်ရေးအဖွဲ့နှင့် နိုင်ငံတကာမှ မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့တို့၏ လက်တွဲညီညီ ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်မှုမှ အောင်မြင်မှုပန်းတိုင်သို့ တက်လှမ်းနိုင်ခဲ့ခြင်းပင်ဖြစ်သည်။ နိုင်ငံတစ်ဝန်းမှ စိတ်ဝင်တစားစောင့်ကြည့်နေကြသည့် ပြည်သူတို့၏ လက်ခုပ်သြဘာသံတို့သည်လည်း မိုးထက်ယံသို့ လွင့်ပျံ့ခဲ့မည်မှာ အမှန်ပင်ဖြစ်သည်။

မန္တလေးငလျင်ဒဏ်ကြောင့် မန္တလေး၊ စစ်ကိုင်း၊ နေပြည်တော်၊ ပဲခူးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)တို့ တွင် တိုက်တာအိမ်ရာများ ပြင်းထန်စွာထိခိုက်ခဲ့ပြီး မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့သည်။ မန္တလေး၊ စစ်ကိုင်းနှင့် နေပြည်တော်သည် ထိခိုက်ပျက်စီးမှုကြီးမားခဲ့၍ နိုင်ငံတကာမှ မီးသတ်တပ်ဖွဲ့များဖြစ်သော တရုတ်၊ ရုရှား၊ အိန္ဒိယ၊ ဘယ်လာရုစ်၊ တူရကီယဲ၊ တောင်ကိုရီးယား၊ UAE၊ အင်ဒိုနီးရှား၊ ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ ဗီယက်နမ်၊ ဘင်္ဂလားဒေ့ရှ်၊ ဖိလစ်ပိုင်နှင့် လာအို စသည့် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ မြန်မာနိုင်ငံသို့ရောက်ရှိလာချိန်တွင် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များသည် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အထူးသဖြင့် တရုတ်၊ ရုရှား၊ တူရကီယဲ၊ အင်ဒိုနီးရှား၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့မှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တို့က INSARAG Guide Line နှင့်အညီ ဖွဲ့စည်းအစစ်ဆေးခံထားသည့် Light၊ Medium၊ Heavy Classified Team များဖြစ်သည်။ အပြည်ပြည်ဆိုင်ရာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များတွင် ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ ဆေးအဖွဲ့၊ အင်ဂျင်နီယာအဖွဲ့၊ အထောက်အကူပြုအဖွဲ့များ ပါဝင်ပြီး ရှာဖွေကယ်ဆယ်ရေးခွေးနှင့် ခေတ်မီရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းများ သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသို့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ အင်ဒိုနီးရှား အစရှိသည့်နိုင်ငံများမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များသည် Portable Satellite Communication System ပါရှိသော အဖွဲ့များဖြစ်ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ နေ့၊ ညမပြတ် ဆောင်ရွက်ရာ၌ အသက်ပေါင်းများစွာကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ ကယ်တင်နိုင်ခဲ့ပြီး ထိခိုက်သေဆုံးသူများကိုလည်း ထုတ်ယူနိုင်ခဲ့သည်။ အိမ်ရှင်ဖြစ်သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်တို့သည် အခက်အခဲများနှင့် ပင်ပန်းမှုတို့ကို အိမ်ရှင်ဖြစ်သည်နှင့်အညီ ပို၍ဖြတ်သန်းခဲ့ကြရသည်။

မီးသတ်တပ်ဖွဲ့က နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ပိတ်မိနေသူများကို ရှင်းလင်းရှာဖွေရာတွင် အတွေ့အကြုံကောင်းများရရှိခဲ့ကြပြီး နည်းပညာပိုင်းဆိုင်ရာ လိုက်ပါဆောင်ရွက်ရမည့် သင်ခန်းစာများလည်း ရရှိခဲ့သည်။ ငလျင်ဘေးဒဏ်သင့် နေရာများဖြစ်သော နေပြည်တော် ဥတ္တရသီရိရှိ ပင်လုံဆေးရုံနှင့် ဇမ္ဗူသီရိမြို့နယ်ရှိ တိုက်အမှတ် ၁၁၀၉၊ ၁၃၀၇၊ ၂၃၇၆၊ ၁၃၃၈ တို့တွင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် တရုတ်နိုင်ငံ(ယူနန်)၊ ဇမ္ဗူသီရိမြို့နယ် သပြေကုန်း၊ အောင်သပြေရုပ်ရှင်ရုံအနီး သုံးထပ်အဆောက်အအုံတွင် စင်ကာပူနိုင်ငံ၊ ဇမ္ဗူသီရိ မြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်ရှိ ပင်လုံဆေးရုံ၊ Jade City Hotel နှင့် တိုက်အမှတ် ၂၃၈၆၊ ၂၃၈၇၊ ၂၃၆၇ တို့တွင် ဗီယက်နမ်နိုင်ငံ၊ ဇမ္ဗူသီရိမြို့နယ်ရှိ တိုက်အမှတ် ၂၂၀၆၊ ၂၂၀၄၊ ၄၃၀၇ တို့တွင် ထိုင်းနိုင်ငံ၊ ဥတ္တရသီရိမြို့နယ်ရှိ တိုက် ၂၂၀၄ နှင့် ဟိုတယ်အေးချမ်းသာတွင် အင်ဒိုနီးရှားနှင့် UAE၊ ပုဗ္ဗသီရိမြို့နယ်ရှိ အေးချမ်းသာဟိုတယ်တွင် တူရကီယဲ၊ ဥတ္တရသီရိမြို့နယ် ပင်လုံဆေးရုံတွင် UAE နှင့် ဗီယက်နမ် ပူးပေါင်းအဖွဲ့၊ ပုဗ္ဗသီရိမြို့နယ် Jade City Hotelနှင့် တိုက် ၄၃၀၈၊ ၄၃၁၃ တွင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်ပူးပေါင်းအဖွဲ့၊ ဇမ္ဗူသီရိမြို့နယ် တိုက် ၁၃၃၈ တွင် ဘင်္ဂလားဒေ့ရှ်၊ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ၇၃-၇၄ လမ်း၊ မောက်မယ်ဝန်ဘုန်းကြီးကျောင်းနှင့် တက်လမ်းဆေးကျောင်းသားအဆောင်တွင် ဘယ်လာရုစ်၊ အောင်မြေသာဇံ၊ ချမ်းအေးသာဇံ၊ ချမ်းမြသာစည်နှင့် မဟာအောင်မြေတို့တွင် တရုတ်၊ ရုရှား၊ အိန္ဒိယ၊ စစ်ကိုင်းမြို့ရှိ မြတ်ကိုယ်ပိုင်ကျောင်းနှင့် ခရိုင်ပြန်/ဆက်ရုံးတို့တွင် မလေးရှားနိုင်ငံနှင့် ကျောက်ဆည်မြို့တွင် လာအိုနိုင်ငံတို့မှ နိုင်ငံတကာ ရှာဖွေကယ်ဆယ်ရေးအဖွဲ့တို့သည် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ အဆောက်အအုံများအောက်တွင် ပိတ်မိနေသူများနှင့် သေဆုံးသူတို့ကို အခက်အခဲများကြားမှ ရှာဖွေကယ်တင်နိုင်ခဲ့ခြင်းက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ ရဲရင့်ခြင်း၊ သနားကရုဏာရှိခြင်းကို ပေါ်လွင်စေခဲ့သည်။

ထို့အပြင် ငလျင်ကြောင့် ပိတ်မိသူများနှင့် သေဆုံးသူများကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်နေစဉ် အရေးကြီးစာရွက်စာတမ်းများ၊ ရွှေ၊ ငွေ၊ ကျောက်မျက်၊ ကျောက်စိမ်းအထည်၊ မီးခံသေတ္တာ၊ ဘဏ်စာအုပ်နှင့် ဖုန်းများကို ပိုင်ရှင်နှင့် ပစ္စည်းလက်ခံရေးနှင့် ပြန်လည်အပ်နှံရေးအဖွဲ့တို့ထံ အပ်နှင်းပေးခဲ့ကြခြင်းက မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တို့၏ စည်းကမ်းသေဝပ်မှု၊ စိတ်ထားတည်ကြည်မှု၊ သစ္စာရှိမှုနှင့် သမာဓိတို့ကို မှတ်ကျောက်တင်ခဲ့ခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသို့ ရောက်ရှိလာကြသည့် နိုင်ငံတကာမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့များအား မြန်မာပြည်သူတို့က လှိုက်လှဲဝမ်းသာစွာ ကြိုဆိုခဲ့ကြပြီး

*စာမျက်နှာ ၁၂ သို့*

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ပုသိမ်မြို့တွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**ပုသိမ် မေ ၃**

ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ၂၆ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာများ သန့်ရှင်းသာယာလှပရေး၊ ဘုရားစေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် လမ်းဘေးဝဲယာများ၌ အိမ်၊ လမ်း၊ ရွာ၊ ကျောင်း သန့်ရှင်းသာယာလှပရေးအတွက်တပ်ရင်း တပ်ဖွဲ့များ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက အပတ်စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးကို ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများနှင့်အတူ ပုသိမ်မြို့အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ ရွှေစည်းခုံစေတီတော်မြတ်ကြီး ရင်ပြင်တော်တွင် ဌာနဆိုင်ရာများနှင့် ပြည်သူများ စုပေါင်း၍ စေတီတော်မြတ်ကြီးအား ရေသပ္ပာယ်ခြင်း၊ ရင်ပြင်တော် ဆေးကြောသန့်စင်ခြင်းနှင့် ပရိဝုဏ်အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘုရား၊ စေတီ၊ ပုထိုးများ၊ ဆင်းတုတော်များကို အများပြည်သူကြည်ညိုဖွယ်ရာ ဖြစ်စေရေးအတွက် ရေသပ္ပာယ်ခြင်း၊ ရောင်ခြည်တော်ဖွင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်စေရေး၊ အမှိုက်များ စနစ်တကျ စွန့်ပစ်စေရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှုရှိစေရေး၊ ချုံနွယ်များ စနစ်တကျရှင်းလင်းစေရေးနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခြင်းတို့ကို အပတ်စဉ် ဆောင်ရွက်ခြင်းများအပြင် နေ့စဉ်သန့်ရှင်း သပ်ရပ်မှုရှိစေရေးကိုလည်း အလေးထား လိုက်နာဆောင်ရွက်သွားရန်နှင့် စေတီတော်ကြီး၏ ပတ်ဝန်းကျင်သန့်ရှင်း သာယာလှပစေရေး အစဉ်တစိုက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့နယ် ပေါက်ကုန်းကျေးရွာရှိ တောင်သူ ဦးဝင်းမြင့်လှိုင်၏ စိုက်ကေတစ်ကေတွင် ပြုလုပ်သည့် နယူးရော-၁၁ နွေစပါးစံကွက်ရိတ်သိမ်းနေမှုကို ကြည့်ရှုအားပေးပြီး တောင်သူများနှင့် တွေ့ဆုံ၍အထွက်တိုးမျိုးစပါးများ ပြောင်းလဲစိုက်ပျိုးစေရေး၊ ပန်းတိုင်အထွက်နှုန်းရရှိစေရေး၊ အထွက်တိုးမျိုးစပါးများ အသုံးပြုစေရေး၊ သီးထပ်စွမ်းအား တိုးတက်စိုက်ပျိုးနိုင်ရေးတို့ကို မှာကြားသည်။ အဆိုပါ နွေစပါးအား စံကွက်ရိတ်သိမ်းခဲ့ရာတွင် တစ်ဧကလျှင် ပျမ်းမျှ အစိုအထွက်နှုန်း ၂၀၆ တင်း၊ အခြောက်အထွက်နှုန်း ၁၉၃ တင်း ထွက်ရှိခဲ့ကြောင်း သိရ သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့နယ် ရွာသာယာကျေးရွာရှိ ပိုင်ရှင် ဦးမင်းအောင်၏ အသားတိုးကြက်(CP)ကြက်ကောင်ရေ ၄၀၀၀ မွေးမြူထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး ရင်းနှီးမြှုပ်နှံမှု၊ ဈေးကွက်အတွင်း တင်ပို့ရောင်းချရမှု အခြေအနေများနှင့် အသားတင်အမြတ်ရရှိမှုများကို မေးမြန်းဆွေးနွေးခဲ့ပြီး အသားတိုးကြက်မွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ဆောင်ရွက်စေရေးနှင့် ဈေးနှုန်းသက်သာစွာ ရောင်းချပေးနိုင်ရေး မှာကြားခဲ့သည်။



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ ကန်သုံးဆင့်ရေကန် (၁၃၀၀x ၃၀၀ x ၃) ပေ ဧရိယာတူးဖော်နေမှုနှင့် (၁၄၀၀ x ၄၀x ၆) ပေ တာပေါင်တိုးချဲ့ဧရိယာ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများ ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကန်သုံးဆင့်အပန်းဖြေဥယျာဉ် အပိုင်း(၂)အား ဆက်လက်အကောင်အထည်ဖော်ရေး၊ ကန်ပတ်လမ်း တစ်လျှောက်အမှိုက်ကင်းစင်ရေး၊ အမှိုက်ပုံးများထားရှိ၍ အမှိုက်များ စနစ်တကျ စွန့်ပစ်စေရေး၊ မြက်ခင်းများ စိမ်းလန်းစိုပြည်စေရေး၊ တိုးချဲ့တာပေါင်ကို ပုံစံတကျဆောင်ရွက်၍ မြက်စိုက်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်၊ ပန်းခြံစိမ်းလန်းစိုပြည်ရေးအတွက် သစ်ပင်ပန်းပင်များ တိုးချဲ့စိုက်ပျိုးသွားရန်နှင့် လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ် ကာလအတွင်းနှင့် မိုးကာလမရောက်မီ လုပ်ငန်းများ ပြီးပြတ်စေရေး လူအင်အား၊ စက်အင်အားအပြည့်ဖြင့် ဆောင်ရွက်စေရေး တာဝန်ရှိသူများအား မှာကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## သုံးခွမြို့နယ် အဇန်းတောစွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အဇန်းတောစွန်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် လေးပါးနှင့် ဒေသခံပြည်သူ ၁၅၆ ဦးတို့အား အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား/နှာခေါင်း/လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သန်လျင်တပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

**သတင်းစဉ်**

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲ ကျင်းပ

**နေပြည်တော် မေ ၃**

အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း (အမျိုးသား/အမျိုးသမီး) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်မြေခံ သင်တန်းကျောင်းရှိစက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

**ပေးအပ်ချီးမြှင့်**

ဆုပေးပွဲ၌ ပြိုင်ပွဲအမျိုးအစားအလိုက် ပစ်ခတ်စဉ်များတွင် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက် ဆုရရှိသူများနှင့် ဒိုင်းဆုရရှိသည့်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲအား တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ၁၀ သင်းဖြင့် ဧပြီ ၂၈ ရက်မှ ယနေ့အထိ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၁၁ မှ*

ရှာဖွေကယ်ဆယ်ရေး ဆောင်ရွက်နေစဉ်အတွင်း တတ်စွမ်းသမျှ ကူညီပေးခဲ့ကြသည်။ အပြန်အလှန် ကူညီပေးမှုနှင့်အတူ ဆင်းရဲဒုက္ခရင်ဆိုင်နေရစဉ် ရိုးသားပွင့်လင်းမှုနှင့် ကြင်နာပြုံးရွှင်တတ်သော မြန်မာနိုင်ငံမှ ပြည်သူတို့၏ဘဝကို တွေ့မြင်ခဲ့ရပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ကြိုးပမ်းဆောင်ရွက်ခဲ့မှုတို့သည် မြန်မာပြည်သူတို့၏ နှလုံးသားတွင် ယနေ့တိုင် အသိအမှတ်ပြု ကျေးဇူးတရားများ စွဲထင်ကျန်ရစ်နေမည်မှာ အမှန်ပင်ဖြစ်သည်။ အထူးသဖြင့် အဆောက်အအုံများအောက်တွင် ပိတ်မိနေကြသူများကို အနံ့ခံရှာဖွေကယ်ဆယ်ပေးခဲ့သည့် နိုင်ငံတကာ မီးသတ်တပ်ဖွဲ့မှ K9 ခွေးလိမ္မာလေးများနှင့် ရှာဖွေရေးလုပ်ငန်းများကို အသက်ပေးဆောင်ရွက်ခဲ့သည့် ခွေးလိမ္မာလေးကိုလည်း မြန်မာပြည်သူတို့၏ ရင်ထဲတွင် အသိအမှတ်ပြု မှတ်တမ်းတင်ကျန်ရစ်နေမည်မှာ အမှန်ပင်ဖြစ်သည်။

**နိုင်ငံနှင့် ပြည်သူတို့၏ အသက်အိုးအိမ်နှင့်စည်းစိမ်ကို အစဉ်ကာကွယ်**

မြန်မာနိုင်ငံသည် မီးဘေးအန္တရာယ်သာမက Globle Climate Change ဖြစ်စဉ်များနှင့်အတူ ပုံမှန်မဟုတ်သော သဘာဝဖြစ်စဉ်တို့ကြောင့် ရေဘေး၊ လေဘေး၊ ငလျင်ဘေးနှင့် မီးဘေးအန္တရာယ်တို့သည် အချိန်အခါမရွေး ကျရောက်တတ်သည်မှာ သတိပြုဖွယ်ပင်ဖြစ်သည်။ မည်သို့သော ဘေးအန္တရာယ်ကျရောက်စေကာမူ မီးသတ်တပ်ဖွဲ့အနေဖြင့် ခေတ်အဆက်ဆက် သမိုင်းပေးတာဝန်တစ်ရပ်အဖြစ် နိုင်ငံတော်အကြီးအကဲများ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အတူ သဘာဝဘေးအန္တရာယ်များကို အလျင်အမြန် တုံ့ပြန်ကူညီကယ်ဆယ်ရန် အသင့်ရှိနေပြီး နိုင်ငံနှင့် ပြည်သူတို့၏ အသက်အိုးအိမ်နှင့်စည်းစိမ်ကို အစဉ်ကာကွယ်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့က ၂၀၂၃ ခုနှစ်တွင် ဖြစ်ပွားခဲ့သော မိုခါ၊ ၂၀၂၄ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် ရာဂီနှင့် ၂၀၂၅ ခုနှစ်၏ နှစ်ဆန်းပိုင်းတွင် ဖြစ်ပေါ်ခဲ့သည့် မန္တလေးငလျင်ဖြစ်စဉ်တို့တွင် တပ်ဖွဲ့ဝင်စွမ်းအားပြည့်ဖြင့် ရှာဖွေကယ်ဆယ်ရေး၊ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်တို့တွင် ရှေ့တန်းမှ မားမားရပ်ကာ အားကြိုးမာန်တက် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ သမိုင်းပုံရိပ် ဂုဏ်သတင်းတို့သည် နိုင်ငံတွင်းသာမက ဒေသတွင်းနိုင်ငံများနှင့် ကမ္ဘာသို့တိုင် လွှင့်ပျံ့မွှေးကြိုင်နေမည်ဖြစ်ပြီး မည်သို့သော သဘာဝဘေးဖြစ်စဉ်တို့တွင် ရှာဖွေကယ်ဆယ်ရေးကဏ္ဍ၌ စွမ်းရည်ကြွယ်လျက်ပေးဆပ်အပ်နှင်း ဂုဏ်ရည်သင်းသည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့များအဖြစ် အစဉ်တည်ရှိနေမည်မှာ အမှန်ပင်ဖြစ်ပါကြောင်း (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အား ဂုဏ်ပြုရေးသားအပ်ပါသည်။ ။

# ကချင်ပြည်နယ်ဝန်ကြီးချုပ် မြစ်ကြီးနားမြို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုအားပေး



**မြစ်ကြီးနား မေ ၃**

ကချင်ပြည်နယ်အစိုးရအဖွဲ့က ဦးဆောင်၍ မြစ်ကြီးနားမြို့ သန့်ရှင်းသာယာလှပရေးနှင့် အများပြည်သူ ဝင်/ထွက်သွားလာရာနေရာများတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက် ၇ နာရီက မြစ်ကြီးနားမြို့၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်သည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ မြို့သစ်ကြီးရပ်ကွက် ပြည်ထောင်စုလမ်းမကြီးဘေး၊ မေခပန်းဥယျာဉ်ရှေ့ရှိ ရေကြည်ချောင်းတစ်လျှောက် ဘေးဝဲ/ယာ မြေကွက်လပ်များတွင် သန့်ရှင်းသပ်ရပ်ပြီး မြေယာရှုခင်းပြုပြင်ကာ အလှပန်းပင်များ စိုက်ပျိုး၍ အများပြည်သူအပန်းဖြေနိုင်ရေးအတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများ စုပေါင်း၍ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းပေးခြင်း၊ စက်ယန္တရားများဖြင့် မြေယာပြုပြင်ခြင်း၊ ချောင်းရေစီးရေလာကောင်းမွန်အောင် ဆောင်ရွက်ခြင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အမှတ်(၁) တပ်မတော်ဆေးရုံ (ခုတင်-၃၀၀) ဝင်းအတွင်း လူနာဆောင်ပတ်ဝန်းကျင်များရှိ သစ်ပင်ချုံနွယ်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ကောက်ယူခြင်းနှင့် ရေမြောင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို စုပေါင်းဆောင်ရွက်နေကြသည့် ဌာနဆိုင်ရာများကို လိုက်လံကြည့်ရှုအားပေးကာ နံနက်စာအဖြစ် မုန့်နှင့် ရေသန့်ဘူးများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)

# အလားအလာကောင်းသော ပဲတီစိမ်းမျိုးလိုင်းများ ဖြစ်ထွန်းမှု တောင်သူနှင့်အတူ အကဲဖြတ်ရွေးချယ်

**နေပြည်တော် မေ ၃**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ မြို့နယ် ငါးမြို့နယ်မှ တောင်သူ ၁၀၀ နှင့်အတူ ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ၌ စမ်းသပ်စိုက်ပျိုးထားသည့် အဝါရောင်မိုစိတ်ရောဂါဒဏ်ခံ ပဲတီစိမ်းမျိုးလိုင်းများ၏ ရောဂါဒဏ် ခံနိုင်ရည်ရှိမှုတို့ကို ကြည့်ရှုသည်။



စိုက်ပျိုးရေးသုတေသနဦးစီးဌာနက မျိုးစပ်မွေးမြူထုတ်လုပ်ထားသည့် ရောဂါဒဏ်ခံအလားအလာကောင်းသော ပဲတီစိမ်းသီးနှံမျိုးလိုင်းများကို ရောဂါဒဏ်ခံနိုင်ရည်မရှိသည့် မျိုးနှင့်နှိုင်းယှဉ်၍ တောင်သူများကိုယ်တိုင် အကဲဖြတ် ရွေးချယ်လေ့လာနိုင်ရန် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာ၌ စမ်းသပ်စိုက်ပျိုးထားခြင်းဖြစ်ပြီး ပုဗ္ဗသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်နှင့် လယ်ဝေးမြို့နယ်တို့မှ တောင်သူများကို ဖိတ်ခေါ်၍ ဒုတိယဝန်ကြီးနှင့် စိုက်ပျိုးရေးပညာရှင်များ၊ သုတေသီများက ရှင်းလင်းပြသခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးသည် လေ့လာရေး တောင်သူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် စပါးစိုက်ပျိုးမြေများတွင် မြေဆီလွှာအက်ကွဲမှုများဖြစ်ပေါ်ပြီး ရေလိုအပ်ချက်များလာသောကြောင့် ရေအနည်းလို စပါးမျိုးဖြစ်သည့် ရေအနည်းလို(၇) YAR -14 စပါးမျိုးများကို စိုက်ပျိုးရန်၊ တောင်သူ ပူးပေါင်းပါဝင်သော သုတေသနနှင့် မျိုးမွေးမြူရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ရန်အပြင် အထွက်နှုန်းသာမက ဈေးကောင်းရရှိစေရန်အတွက် သီးနှံအရည်အသွေး စမ်းသပ်မှုများ ပြုလုပ်ပြီးမှသာ ဆောင်ရွက်ရန်၊ မျိုးရွေးချယ်ရာတွင် တောင်သူများသာမက ကုန်သည်ပွဲစားများပါ ပူးပေါင်းဆောင်ရွက်ရန်၊ နည်းပညာအသစ်များ ပေါ်ထွန်းအောင်မြင်လာစေရန်အတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် တောင်သူများ ပူးပေါင်းဆောင်ရွက်ရန်၊ Artifical Intelligence (AI) ကို အသုံးပြု၍ ရရှိနိုင်သော နည်းစနစ်များကို အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# Polytechnic University (မအူပင်) ဇွန်လဆန်း ကျောင်းဖွင့်ချိန်အမီပြင်ဆင်

**နေပြည်တော် မေ ၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ရှိ Polytechnic University (မအူပင်) သို့ ရောက်ရှိပြီး ဇွန်လဆန်း ကျောင်းဖွင့်ချိန်အမီ ပြင်ဆင်ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ပြုပြင်မွမ်းမံမှုများ ဆောင်ရွက်လျက်ရှိသော ပင်မသုံးထပ်ဆောင်၊ ရှေ့မျက်နှာစာ၊ မြေညီထပ်ရှိ ရုံးခန်းများ၊ ဌာနခန်းများနှင့် စာသင်ခန်းများ၊ အကြီးစားပြင်ဆင်လျက်ရှိသောအလုပ်ရုံများ၊ တည်ဆောက်ရေးလုပ်ငန်းများဖြစ်သော သုံးထပ်စာသင်ဆောင်၊ ဘောလုံးကွင်း၊ သုံးထပ် ဆရာမများအဆောင်နှင့် အခြားလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကာ သတ်မှတ်ကာလအတွင်း အရည်အသွေးပြည့်မီစွာ လုပ်ငန်းများကို ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး Polytechnic University ဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လိုက်နာဆောင်ရွက်သွားရန်၊ ဒေသတွင်းနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အမှန်တကယ်အထောက်အကူပြုမည့် အင်ဂျင်နီယာပညာရှင် နည်းပညာရှင် လူငယ်ကောင်းများကို စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားကာ လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ Polytechnic University (မအူပင်)သည် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ၂၀၂၄ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် မြန်မာနိုင်ငံ အင်ဂျင်နီယာ ပညာရေးနှစ်(၁၀၀)ပြည့် ရာပြည့်သဘင် အထိမ်းအမှတ်အဖြစ် Naypyitaw State Polytechnic University နှင့်အတူ အခြား Polytechnic University များဖြစ်သည့် ကျိုင်းတုံ၊ ပင်လုံ၊ ထားဝယ်၊ မြိတ်မြို့တို့နှင့် တစ်ပြိုင်နက်တည်း ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်






ရတနာသသစ်တော ပြည့်သွေးကြော၊ သစ်တောရတနာ ထိန်းသိမ်းပါ။

# လာမည့် ဇွန် ၁၄ ရက်တွင် စစ်ရေးပြအခမ်းအနား ကျင်းပရန် အမေရိကန် စီစဉ်နေ

**နယူးယောက် မေ ၃**
ထရမ့်အစိုးရသည် လာမည့်ဇွန် ၁၄ ရက်တွင် စစ်ရေးပြအခမ်းအနား ကျင်းပသွားမည်ဖြစ်ကြောင်း မေ ၂ ရက်က လူမှုကွန်ရက်၌ အိမ်ဖြူတော် ပြောရေးဆိုခွင့်ရှိသူ အန်နာကယ်လီ က ရေးသားဖော်ပြထားသည်။

အမေရိကန်တပ်မတော် နှစ်(၂၅၀)ပြည့် အထိမ်းအမှတ်အခမ်းအနားတွင် သမ္မတ ဒေါ်နယ်ထရမ့် က အမေရိကန်စစ်မှုထမ်းဟောင်းများ၊ တာဝန်ထမ်းဆောင်ဆဲ စစ်သည်တော်များနှင့် စစ်ရေးဆိုင်ရာ သမိုင်းကြောင်းကို ဂုဏ်ပြုသွားမည်ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် စစ်သုံးမော်တော်ယာဉ်အစီး ၁၅၀၊ လေယာဉ် ၅၀ နှင့် စစ်သည်တော် ၆၆၀၀ ခန့် ပါဝင်ဖွယ်ရှိကြောင်း အမေရိကန်တပ်မတော် ပြောရေးဆိုခွင့်ရှိသူ ဟဲသာဟောဂန် က ပြောသည်။ အမေရိကန် တပ်မတော်သည် နှစ် (၂၅၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို သီတင်းတစ်ပတ်ကြာ ကျင်းပသွားရန် စီစဉ်နေကြောင်း သိရသည်။

ထူးခြားသည်မှာ ဇွန် ၁၄ ရက်သည် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်၏ ၇၉ နှစ်မြောက် မွေးနေ့လည်းဖြစ်သည်။ ထရမ့်သည် ၎င်း၏ ပထမသက်တမ်းတွင် ဝါရှင်တန်ဒီစီ၌ စစ်ရေးပြအခမ်းအနားကျင်းပရန် စိတ်ကူးရှိခဲ့သော်လည်း ကုန်ကျစရိတ်များပြားမှုနှင့် စစ်သုံးယာဉ်များကြောင့် လမ်းများထိခိုက်ပျက်စီးနိုင်မှုအပေါ် စိုးရိမ်မှုများရှိသည့်အတွက် ယင်းအစီအစဉ် မအောင်မြင်ခဲ့ခြင်း ဖြစ်သည်။



ပါရှန်ပင်လယ်ကွေ့ စစ်ပွဲအဆုံးသတ်မှု အထိမ်းအမှတ်အနေဖြင့် အမေရိကန်နိုင်ငံ၏ မြို့တော်တွင် အကြီးဆုံး စစ်ရေးပြအခမ်းအနားကို ၁၉၉၁ ခုနှစ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**



## ဧပြီလအတွင်း နီပေါနိုင်ငံသို့ နိုင်ငံခြားခရီးသည်လာရောက်လည်ပတ်မှု စံချိန်တင်မြင့်တက်

**ခတ္တမန္ဒူ မေ ၃**
ဧပြီလအတွင်း နီပေါနိုင်ငံသို့ နိုင်ငံခြားခရီးသည် ၁၁၆၄၉၀ လာရောက်လည်ပတ်ခဲ့ပြီး တစ်လတာ စံချိန်တင်အမြင့်ဆုံးဖြစ်ကြောင်း နီပေါခရီးသွားလုပ်ငန်းအဖွဲ့က ပြောကြားသည်။ အဆိုပါပမာဏမှာ ယမန်နှစ်ကထက် ၄ ဒသမ ၅ ရာခိုင်နှုန်း တိုးလာကြောင်း အဆိုပါလုပ်ငန်းအဖွဲ့၏ နောက်ဆုံးထုတ်ပြန်ချက်များအရ သိရသည်။ နီပေါနိုင်ငံသို့ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့မှ လာရောက်လည်ပတ်သူ အများဆုံးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဧပြီလကထက် အိန္ဒိယနိုင်ငံမှ လာရောက်လည်ပတ်သူ ၁၄ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံမှ ၇ ဒသမ ၃ ရာခိုင်နှုန်း လျော့နည်းသွားကြောင်း သိရသည်။ နီပေါနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလမှ ဧပြီလအတွင်း စုစုပေါင်းခရီးသည် ၄၁၅၀၄၈ ဦး လာရောက်လျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂါဇာတစ်ဝန်း အစ္စရေးတို့၏သီးခြားတိုက်ခိုက်မှုများကြောင့် ပါလက်စတိုင်း ၃၀ ထက်မနည်း သေဆုံး

**ဂါဇာ မေ ၃**
ဂါဇာကမ်းမြောင်ဒေသ တစ်ဝန်း နေအိမ်များနှင့် နေရပ်စွန့်ခွာသူများ နေထိုင်သည့်ရွက်ဖျင်တဲများကို မေ ၃ ရက်တွင် အစ္စရေးတို့၏ တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၃၀ ထက်မနည်းသေဆုံးကြောင်း ဂါဇာအရပ်ဘက် ကာကွယ်ရေးအဖွဲ့က ပြောကြားသည်။

ဂါဇာမြို့အရှေ့ပိုင်း ရှုဂျာယာဒေသရှိ နေအိမ်ကို အစ္စရေးက လေကြောင်းတိုက်ခိုက်မှု ပြုလုပ်သဖြင့် ၁၀ ဦးသေဆုံးကြောင်း၊ ထို့ပြင် ဒါရတ်ချ်ဒေသရှိ အရပ်သားများကို ဒရုန်းဖြင့်တိုက်ခိုက်မှုကြောင့် လေးဦးသေဆုံးပြီး ဇီထောင်းဒေသ၌လည်း နောက်ထပ်နှစ်ဦးသေဆုံးကြောင်း ပြောရေးဆိုခွင့်ရှိသူ မာမွတ်ဘာတ်ဆယ် က ဆိုသည်။

အလားတူ အစ္စရေးတို့က ဂါဇာတောင်ပိုင်း ခန်းယူနစ်မြို့ရှိ လူနေအိမ်တစ်လုံးကို တိုက်ခိုက်မှုပြုလုပ်ရာ ၁၁ ဦးသေဆုံးကြောင်း သိရသည်။

အဆိုပါ တိုက်ခိုက်မှုများနှင့် ပတ်သက်ပြီး အစ္စရေးတို့ဘက်က မည်သည့်မှတ်ချက်မှ မပေးချေ။ တစ်ချိန်တည်းတွင် ရာဖာရှိ ကူဝိတ်အထူးကုဆေးရုံတွင်လည်း ဆေးဝါး၊ ဆေးဘက်ဆိုင်ရာ ပစ္စည်းများနှင့် အစားအစာများ ပြင်းထန်စွာ ပြတ်လပ်နေသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ပြိုလဲလုနီးပါးဖြစ်နေကြောင်း သတိပေးချက် ထုတ်ပြန်ထားသည်။

အစ္စရေးတို့က မတ် ၁၈ ရက် ၎င်းတို့၏ ပြင်းထန်သည့် တိုက်ခိုက်မှုများ ပြန်လည်ပြုလုပ်သည့် အချိန်မှစကာ ပါလက်စတိုင်း ၂၃၉၆ ဦးသေဆုံးပြီး ဒဏ်ရာရရှိသူ ၆၃၂၅ ဦးရှိခဲ့သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလမှစကာ ပါလက်စတိုင်း သေဆုံးသူပေါင်း ၅၂၄၉၅ ဦးနှင့် ဒဏ်ရာရရှိသူ ၁၁၈၃၆၆ ဦး ရှိပြီဖြစ်ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးအာဏာပိုင်များက ဧပြီ ၃ ဂရက်တွင် ပြောကြားသည်။ **ဆင်ဟွာ**

## ချီလီနိုင်ငံ၌ ကြိုတင်ဘေးလွတ်ရာ ရွှေ့ပြောင်းရေးအမိန့်ကို ရုပ်သိမ်းလိုက်သော်လည်း ဆူနာမီသတိပေးချက်မှာအသက်ဝင်နေဆဲဖြစ်

**မေ ၂ ရက် နံနက်ပိုင်းက ပြင်းအား ၇ ဒသမ ၅ ရှိ ငလျင်ကြီးလှုပ်ခတ်ခဲ့**

**ဆန်တီယေဂို မေ ၃**
ချီလီအာဏာပိုင်များသည်ပြင်းအား ၇ ဒသမ ၅ ရှိ ငလျင်ကြီးလှုပ်ခတ်ပြီးနောက် နိုင်ငံတောင်ပိုင်း မာဂဲလန်ဒေသတွင် ကြိုတင်ဘေးလွတ်ရာ ရွှေ့ပြောင်းရေး အမိန့်တစ်ရပ်ကို ရုပ်သိမ်းလိုက်သော်လည်း ကမ်းရိုးတန်းဒေသများအတွက်ဆူနာမီသတိပေးချက်မှာ ဆက်လက်အသက်ဝင်နေဆဲဖြစ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

အဆိုပါ အင်အားပြင်းထန်သည့် ငလျင်မှာ မေ ၂ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီ ၅၈ မိနစ်က ချီလီနိုင်ငံ တောင်ဘက်အကျဆုံးမြို့ဖြစ်သည့် ပွာတိုဝီလျံ၏ တောင်ဘက် ၂၁၈ ကီလိုမီတာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်း ဖြစ်သည်။ ယခုအချိန်တွင် ဘေးလွတ်ရာရွှေ့ပြောင်းမှုများ လုပ်ဆောင်ရန် မလိုအပ်တော့သော်လည်း မာဂဲလန်ဒေသရှိ ကမ်းခြေနှင့် ကမ်းရိုးတန်း ဒေသများတွင် ဆူနာမီအန္တရာယ် ရှိနေသေးကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် ကာကွယ်ရေးနှင့် တုံ့ပြန်ရေးအဖွဲ့ အကြီးအကဲ စီဘာရိုင်ယန်က ပြောသည်။

၃၀ မှ ၉၀ စင်တီမီတာအထိ ရှိနိုင်သော လှိုင်းလုံးများ ဖြစ်ပေါ်နိုင်သေးသည့်အတွက် အကြံပြုသတိပေးချက်များ မရုပ်သိမ်းမီအထိ ကမ်းခြေများ၊ မြစ်ဝများ၊ ဆိပ်ခံများ၊ သင်္ဘောကျင်းများနှင့် အခြားကမ်းရိုးတန်း ဒေသများသို့ သွားလာခြင်းမှ ရှောင်ရှားကြရန် အာဏာပိုင်များက ဒေသခံများကို တိုက်တွန်းထားသည်။

ငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုနှင့် ပျက်စီးဆုံးရှုံးမှုများကို ထုတ်ပြန်ထားခြင်း မရှိသေးပေ။ ငလျင်ကြီးလှုပ်ခတ်ပြီးနောက် ပြင်းအား ၆ ဒသမ ၁ ရှိ ငလျင်အပါအဝင် နောက်ဆက်တွဲငလျင်ပေါင်း ဒါဇင်ကျော် လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

ချီလီနိုင်ငံသည် ပစိဖိတ်မီးကွင်း ဒေသတစ်လျှောက်တွင် တည်ရှိပြီး ငလျင်လှုပ်ခတ်မှု အလွန်များပြားသည့် နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။ **ဆင်ဟွာ**



ငလျင်လှုပ်ခတ်ပြီးနောက် အထိတ်တလန့်ဖြစ်ပွားကာ လမ်းမပေါ်သို့ထွက်လာကြသည့် ပြည်သူများကို တွေ့ရစဉ်။

## အိန္ဒိယနိုင်ငံ၌ လူအုပ်စုလိုက်စုပြုံတိုးဝှေ့မှုကြောင့် ခြောက်ဦးသေဆုံးပြီး ၃၀ ကျော်ထိခိုက်ဒဏ်ရာရ

**နယူးဒေလီ မေ ၃**
အိန္ဒိယနိုင်ငံ အနောက်တောင်ပိုင်း ဂိုအာပြည်နယ်ရှိ ဘုရားကျောင်းတစ်ခု၌ ဘာသာရေးပွဲပြုလုပ်နေစဉ်အတွင်း မေ ၃ ရက် အစောပိုင်းက လူအုပ်စုလိုက်စုပြုံတိုးဝှေ့မှုဖြစ်ပွားခဲ့ရာ ခြောက်ဦး သေဆုံးပြီး ၃၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အကြီးတန်းရဲအရာရှိတစ်ဦးက ပြောသည်။

ဂိုအာပြည်နယ် ရှီဂိုအာဒေသတွင်ရှိသော ဘုရားကျောင်းတစ်ခုအတွင်း စုပြုံတိုးဝှေ့မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အဆိုပါရဲအရာရှိက တယ်လီဖုန်းမှတစ်ဆင့် ပြောသည်။ ထိခိုက်ဒဏ်ရာရသူ ၁၀ ဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိပြီး ဒေသတွင်းဆေးရုံတစ်ရုံတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဝန်ကြီးချုပ် နာရင်ဒရာမိုဒီက အဆိုပါဖြစ်ရပ်ကြောင့် အသက်ဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် စိတ်မကောင်းဖြစ်ကြောင်း ပြောသည်။ လူအုပ်စုပြုံတိုးဝှေ့မှုဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သွားမည် ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## မြောင်းမြမြို့၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးဟောပြော

**မြောင်းမြ မေ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြ ပညာရေး ဒီဂရီကောလိပ်ရှိ မြရတု ခန်းမ၌ ယနေ့နံနက်ပိုင်းက နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲပြုလုပ်ခဲ့သည်။



အဆိုပါ အခမ်းအနားတွင် မြောင်းမြခရိုင် သစ်တောဦးစီးဌာနမှကြီးမှူး၍ မီးခိုးမြူငွေ့ လျှော့ချရေးနှင့် စည်းကမ်းမဲ့မီးရှို့မှု မရှိအောင် ဆောင်ရွက်ပေးခေါင်းစဉ်ဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာများအား ဟောပြောခဲ့သည်။

ဦးစွာ ခရိုင်သစ်တော ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်မိုးက projector ဖြင့် ထင်းအသုံးပြုမှု၊ သစ်တောပြုန်းတီးမှု မီးခိုးငွေ့များနှင့် ပတ်သက်သော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ယင်း အခမ်းအနားသို့ ဒုတိယ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွန်းအောင်၊ မြောင်းမြ ပညာရေး ဒီဂရီကောလိပ် ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ မြောင်းမြခရိုင်နှင့် မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဝန်ထမ်းများ၊ PPTT (၁၂/၂၀၂၅) မှ သင်တန်းသား သင်တန်းသူ ၄၈၇ ဦး စိတ်ပါဝင်စားစွာ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဖြိုး**

## မိုင်းယောင်းမြို့နယ် နားဖန်းကျေးရွာ၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်း အခမဲ့ဖွင့်လှစ်

**မိုင်းယောင်း မေ ၃**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ယမန်နေ့က နားဖန်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ မိုင်းယောင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းနိုင်နှင့် မိုင်းယောင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းစိုးစိုးတို့က အမှာစကား ပြောကြားသည်။

ထို့နောက် မိုင်းယောင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးဝင်းက မိမိတို့ဦးစီးဌာနအနေဖြင့် ကျေးရွာများ၏ ဒေသထုတ်ကုန်များ၊ ဈေးကွက်လိုအပ်ချက်များ၊ လုပ်သားလိုအပ်ချက်များ၊ ဒေသနှင့် ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်း သင်တန်းလိုအပ်ချက်များကို ဆန်းစစ်ရွေးချယ်ပြီး ယခုလို အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပို့ချပေးရခြင်းဖြစ်ကြောင်း ပြောကြားကာ အခမ်းအနားသို့ တက်ရောက်လာသော ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်ထောက်ကူ



ပစ္စည်းများကို သင်တန်းသူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါသင်တန်းကို နားဖန်းကျေးရွာမှ သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းတွင် အခြေခံအပ်ချုပ်စက်နည်းပညာ အမျိုးမျိုးကို လုပ်ငန်းထူထောင်နိုင်သည်အထိ ကျွမ်းကျင်နည်းပြများက ၄၅ ရက်ကြာ အခမဲ့သင်ကြားမည်ဖြစ်၍ အမှန်တကယ် လုပ်ငန်းထူထောင်မည့် ထူးချွန်သူများအား ဦးစီးဌာနမှ ဆောင်ရွက်နေသည့် မိသားစုဝင်ငွေတိုး စီမံကိန်းရန်ပုံငွေများမှ ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

## သုံးခွမြို့နယ်၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်ပွဲကျင်းပ

**သုံးခွ မတ် ၃**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် ၂၀၂၅-၂၀၂၆ မိုးစပါးမစိုက်ပျိုးမီ မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်) မျိုးစေ့ကြဲပက်ပွဲကို ယမန်နေ့က သိုက်တူးကန်ကျေးရွာ တောင်သူ ဦးမောင်မြင့်၏



လယ်မြေရှစ်ဧကတွင် ပြုလုပ်သည်။

သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) မျိုးစေ့ စုပေါင်းကြဲပက်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်မြင့်အောင်က တောင်သူများနှင့်တွေ့ဆုံ၍ မိုးစပါးအထွက်နှုန်း ရရှိစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ မိုးစပါးမစိုက်ပျိုးမီ ပိုက်ဆံလျှော် စိုက်ပျိုးနိုင်ရေး၊ ပိုက်ဆံလျှော်မြေခံစိုက်ပျိုးခြင်းဖြင့် မြေဆီမြေသြဇာထက်သန်စေပြီး သွင်းအားစုဓာတ်မြေသြဇာ လျှော့ချသုံးစွဲခြင်းဖြင့် ကုန်ကျစရိတ်သက်သာပြီး အထွက်နှုန်းပိုမိုရရှိကာ တောင်သူဝင်ငွေတိုးပွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ပိုက်ဆံလျှော်မျိုးစေ့များကို တောင်သူများထံပေးအပ်ခဲ့ပြီး မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် သစ်စိမ်းမြေသြဇာပိုက်ဆံလျှော်မျိုးစေ့များ စုပေါင်းကြဲပက်ခဲ့ကြောင်း သိရသည်။

**စည်သူလင်း (ပြန်/ဆက်)**

## မကွေးမြို့၌ မီးဘေးလုံခြုံရေးနှင့်မီးငြိမ်းသတ်မှုလက်တွေ့သရုပ်ပြ

**မကွေး မေ ၃**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး၌ ယမန်နေ့ မွန်းလွဲပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးသန့်စင်က မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်ထောက်မီးသတ်ဦးစီးမှူး ဒေါ်သန္တာသိမ့်က ရုံးဝန်ထမ်း ၄၀ အား မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း လေ့ကျင့်သရုပ်ပြသသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**



(၇၉) နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အလုံမြို့နယ် မီးသတ်ဦးစီးမှူး ဦးပြည့်စုံ ဦးဆောင်၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့်အတူ မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲကိုကို၊ အဖွဲ့ဝင် ဗိုလ်မှူး ဌေးကြွယ်၊ အဖွဲ့ဝင် ဦးအောင်စိုးနှင့် မြို့နယ်မှတာဝန်ရှိသူများ မေ ၂ ရက်က အလုံဈေးကြီးအတွင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးခြင်း၊ နှိုးဆော်ခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ဆောင်ရွက်ကြစဉ်။

တင်ဝင်းတင်



ယာဉ်များဆေးကြောလျှင်
ရေပိုက်မသုံးပါနှင့်။ ရေဖြည့်ထားသော
ပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါ ကျရောက်တတ်သဖြင့် သြဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင် လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင် ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❖ ရေသစ်သွင်းရန် အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချ မွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့် အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများ ကန်ပြောင်းရွှေ့ခြင်း မပြုရန်။
- ❖ ကန်ရေ အရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေ အပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များ ရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❖ မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက် (၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များရှိ ဝန်ထမ်းအိမ်ရာများသို့ အခြေခံစားသောက်ကုန်မျိုးစုံနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ၃၄ ရက်မြောက် လှည့်လည်ရောင်းချ

**နေပြည်တော် မေ ၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ် (UMFCCI) နှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိ၊ အမဲသား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥစသည့် ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်း ရွက်များအား နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့များ အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်း အိမ်ရာများသို့ မတ် ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက် သွားရောက်ကာ သက်သာသောဈေးနှုန်းများ ဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၃၄ ရက်မြောက်နေ့ အဖြစ် ဈေးကား ခုနစ်စီးဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိ သည်။



မတ် ၃၀ ရက်မှ မေ ၃ ရက် အထိ ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊ နေပြည်တော် ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံ ဌာန ဝန်ထမ်းအိမ်ရာ၊ သူနာပြု သင်တန်းကျောင်း၊ ဥတ္တရသီရိ ဆေးရုံ ဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ် ရာ၊ ဓနသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥဩ သိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခ သိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိ ရပ်ကွက်အိမ်ရာ၊ ပညာရေး ဝန်ထမ်းအိမ်ရာ၊ မြန်မာ့အလင်း သတင်းစာတိုက်၊ ကြေးမုံသတင်း စာတိုက်၊ ဥပ္ပါတသန္တိဘုရားပရိဝုဏ် အတွင်းရှိ လုံခြုံရေးဝန်ထမ်းများ၊ တပ်ကုန်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ နယ်စပ်ဒေသ နှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ ပြည် ထောင်စုရာထူးဝန်အဖွဲ့၊ လယ်ဝေး မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာနနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးတို့ရှိ ဝန်ထမ်းများ နှင့်ပြည်သူများအား ဆန် ၆ ပြည် ပါ (မနောသုခ- Export Quality) ၁၀၁၉၆ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၃၇၅ အိတ်၊ ဆီ ပိဿာ ၃၄၃၂၀ ၊ ဆား ၁၅၂၆ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သား ပါအိတ် ၅၅၅၄ ထုပ်၊ ငါးပိ ၃၀၁ ပိဿာ၊ ကြက်သား အကောင်၂၅၀၊ ဝက်သား ပိဿာ၂၀၊ အမဲသား ၂၅ ပိဿာ၊ ကြက်ဥအလုံး ၈၆၂၀၊ ဘဲဥ အလုံး ၂၂၈၀၊ ငုံးဥ အလုံး ၂၀၀၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင် ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပုံခြောက်များ၊ ငါးကြင်း ပိဿာ ၉၀၊ ငါးတန်ပိဿာ ၉၀၊ ငါးမုတ်ပိဿာ ၇၀၊ ခေါက်ဆွဲ ခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့် မုန်ညင်းဖြူ စသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ် ဆက်လက် ရောင်းချပေးသွားမည် ဖြစ်သည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချ ပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၁၁ အိတ်၊ စားအုန်းဆီ ၄၈၉၃ ပိဿာ၊ ဆား ၇၃ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါ ၃၇၄ ဘူး၊ ငါးပိ ၂၃ ပိဿာ၊ ကြက်သွန်နီ ၅၇၃ ပိဿာ၊ အသားတု ၂၇ ပိဿာ၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာ သော ဈေးနှုန်းများဖြင့် ရောင်းချ ပေးခဲ့ပြီး မန္တလေးမြို့တွင် ဈေး ကားလေးစီးဖြင့် လှည့်လည် ရောင်းချပေးလျက်ရှိရာ ယနေ့ အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၆၂၉ အိတ်၊ စားအုန်းဆီ ပိဿာ ၆၁၆၀၀၊ ဆား ၅၅ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၉၁ ထုပ်၊ ငါးပိ ၂၁ ပိဿာ၊ ငါးနီတူခြောက်၊ အာပုံခြောက်၊ ကြက်ဥ၊ ဘဲဥ များ၊ ခေါက်ဆွဲခြောက်ထုပ် များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက် ရောင်းချပေး သွားမည်ဖြစ်ကြောင်း သိရ သည်။

သတင်းစဉ်

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် မေ ၃**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန် ပြင်းထန်သည့် ငလျင်ဒဏ်ကိုပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့တွင် ဧပြီ ၃ ရက်အထိ သေဆုံးသူ ၃၇၇၈ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၅ ဦးနှင့် ပျောက်ဆုံးသူ ၉၃ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ် ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၈၈ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံ များ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်း များ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ မေ ၂ ရက် ညနေ ၅ နာရီမှ မေ ၃ ရက် ညနေ ၅ နာရီအတွင်း ဒိန်းမတ်နိုင်ငံ ကြက်ခြေနီအသင်းက ထောက်ပံ့ပေးသည့် ကလေး အသုံးအဆောင်ပစ္စည်းများ ၀ ဒသမ ၇၇၇ တန်၊ ကုလသမဂ္ဂ ဒုက္ခသည် များဆိုင်ရာ မဟာမင်းကြီးရုံး United Nations High Commissioner for Refugees (UNHCR) က ထောက်ပံ့ပေးသည့် မီးဖိုချောင်သုံးပစ္စည်းများ ၁၀ ဒသမ ၁ တန်နှင့် မြန်မာ-ထိုင်ဝမ်ကုန်သည်ကြီးများအသင်းက ထောက်ပံ့ပေးသည့် ရွက်ဖျင်တဲနှင့် အဝတ်အထည် ၁ ဒသမ ၃၄၉ တန် ရောက်ရှိခဲ့ပြီး ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများ လက်ဝယ်အရောက် အမြန်ဆုံးခွဲဝေ ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**




ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

**သတိပြုရမည့်အပူဒဏ်အန္တရာယ်များ**

**(က) အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်း (Heat Exhaustion)**

- ဂနာမငြိမ်ခြင်း။
- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း။
- တစ်ကိုယ်လုံး နုံးချိပျော့ခွေခြင်းနှင့် ကြွက်တက်ခြင်း။
- ချွေးအလွန်အကျွံထွက်ခြင်းကြောင့် ခန္ဓာကိုယ်အရေပြားအေး၍စိုစွတ်ခြင်း။
- ခန္ဓာကိုယ်အပူချိန်မြင့်တက်ခြင်း။

**(ခ) အပူဒဏ်ကြောင့် သတိလစ်ခြင်း (Heat Stroke)**

- ခန္ဓာကိုယ်အပူချိန် အလွန်အကျွံမြင့်တက်လာခြင်း။
- အရေပြားပူ၍ခြောက်သွေ့ခြင်း (သို့မဟုတ်) ချွေးခန်းခြောက်ခြင်း။
- ကယောင်ကတမ်းဖြစ်ခြင်း။
- သတိလစ်ခြင်း၊ တက်ခြင်း။

**အပူဒဏ်အန္တရာယ်ကျရောက်သည့်လူနာကို အရေးပေါ်ရှေးဦးပြုစုခြင်း**

- လူနာကို အရိပ်ရပြီးအေးမြသော နေရာသို့ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြှင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ချွတ်ပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဘက်၊ ပေါင်ခြံနှစ်ဘက်တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး(သို့) ဓာတ်ဆားရည်တိုက်ပါ။

အပူဒဏ်ကြောင့် သတိလစ်ခြင်းဖြစ်ပွားမည့်လက္ခဏာများ ပေါ်ပေါက်ပါက အသက် အန္တရာယ်ထိခိုက်နိုင်သည်။ နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ ချက်ချင်း ပို့ဆောင်ပါ။

(မတ်လ၊ ၂၀၂၅)

## မင်းလှမြို့နယ်၌ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သန့်ရှင်းရေးဆောင်ရွက်



**အထက်မင်းလှ မေ ၃**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနမှ (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယမန်နေ့က ရှေးဟောင်းသမိုင်းဝင်ရွှေဘုန်းသာဘုရားတွင် သန့်ရှင်းရေး ပြုလုပ်ခြင်း၊ ရေသပ္ပာယ်ခြင်းများ ဆောင်ရွက်သည်။

(၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးလင်း ဦးဆောင်သော မီးသတ်တပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရွှေဘုန်းသာစေတီတော်ကြီးအား ရေသပ္ပာယ်ခြင်း၊ ရင်ပြင်တော်ပေါ်နှင့် ပတ်ဝန်းကျင်ရှိ အမှိုက်များကို သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဇာဇာ(အထက်မင်းလှ)

## (၃၂)ကြိမ်မြောက် ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့ အခမ်းအနားကျင်းပ

**ရန်ကုန် မေ ၃**

ကမ္ဘာ့သတင်းလွတ်လပ်ခွင့်နေ့(World Press Freedom Day) အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်မြို့ကုန်သည်လမ်းရှိ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဇေယျာကျော်ထင် စည်သူ ဦးမောင်မောင်အုန်းထံမှ ပေးပို့သည့် သဝဏ်လွှာကို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာ တင်ထွန်းဦးက ဖတ်ကြားပြီး အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဒုတိယဥက္ကဋ္ဌ(၁) ဦးခင်မောင်ဇော်နှင့် ဒုတိယ ဥက္ကဋ္ဌ(၂) ဦးခင်မောင်ကျော်ဒင်တို့က သတင်းလွတ်လပ်ခွင့်နှင့် သက်ဆိုင်သော အကြောင်းအရာများကို ဆွေးနွေးပြောကြားကြသည်။

ထို့နောက် အခမ်းအနား တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြပြီး တွဲဖက်အတွင်းရေးမှူး (၂) ဦးရဲမင်းစိုးက ကျေးဇူးတင်စကား ပြောကြားသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦး၊ ဒုတိယဥက္ကဋ္ဌများနှင့် ကောင်စီဝင်များ၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ သတင်းမီဒီယာဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အောင်မြင့်(ပြန်/ဆက်)

## တပ်ကုန်းမြို့နယ်၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း စီမံကိန်းရန်ပုံငွေထုတ်ချေး

**နေပြည်တော် မေ ၃**

နေပြည်တော် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြေပဲစိုက်ပျိုးရန် ကျေးလက်စီးပွား မြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်းရန်ပုံငွေများ ထုတ်ချေးခြင်း အခမ်းအနားကို တာဝန်ရှိသူများက ရှားတောကျေးရွာ၌ ယနေ့ ကျင်းပသည်။



ဦးစွာ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း ရန်ပုံငွေ ထုတ်ချေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ရှားတောကျေးရွာတွင် အစုအဖွဲ့စနစ်ဖြင့် မြေပဲစိုက်ပျိုးမည့် စူပါအဖွဲ့၊ စတားအဖွဲ့၊ တိုးပွားအဖွဲ့နှင့် ရွှေလာဘ်အဖွဲ့တို့အား တစ်ဖွဲ့လျှင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF)စီမံကိန်းရန်ပုံငွေကျပ် ၇၅ သိန်း စုစုပေါင်း ရန်ပုံငွေကျပ် သိန်း ၃၀၀ ကို အစုအဖွဲ့ဝင်များ လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောင်ခိုင်

## ခရမ်းမြို့နယ် ဉာဏ်ကျွန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ ထုတ်ချေး

**ခရမ်း မေ ၃**

ရန်ကုန်တိုင်းဒေသကြီး ခရမ်း မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်း မပျောက် လည်ပတ်ရန်ပုံငွေ များ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ဉာဏ်ကျွန်းကျေးရွာ၌ ကျင်းပသည်။



ဦးစွာ ခရမ်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ထားထားနိုင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်း ဆွေးနွေးပြီး ဉာဏ်ကျွန်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များသို့ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂၄ သိန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဉာဏ်ကျွန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့်သူ အသင်းသား အသင်းသူ ၁၂၃ ဦးအား အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၂၄ သိန်းကို တစ်ဦးချင်း လက်ဝယ်အရောက် အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးခဲ့သည်။

၂၂



## မိတ္ထီလာမြို့နယ်၌ ငလျင်ဘေးသင့်ပြည်သူများအား စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်း ဆောင်ရွက်

**မိတ္ထီလာ မေ ၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်၌ ငလျင်ဘေးသင့်ပြည်သူများအား စိတ်ပိုင်းရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရန်အတွက် စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိတ္ထီလာမြို့နယ်တွင် ငလျင်ဒဏ်ကြောင့် လူသေဆုံးခြင်း၊ ထိခိုက်ဒဏ်ရာရရှိမှုများ၊ နေအိမ်ပြိုလဲပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ၎င်းထိခိုက်ခံစားရသော ပြည်သူများအား လူမှုဝန်ထမ်းဦးစီးဌာနမှ စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းဆောင်ရွက်ရန်အတွက် ဖွဲ့စည်းထားသော နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မိတ္ထီလာခရိုင်တို့မှ စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်း ဆောင်ရွက်သည့်အဖွဲ့ဝင်များက ကွင်းဆင်း၍ ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် အဖွဲ့ဝင်များက လူမှုဝန်ထမ်းဦးစီးဌာန၏ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စိတ်လူမှုပိုင်းဆိုင်ရာ ပံ့ပိုးမှုလုပ်ငန်းများ ဆောင်ရွက်ရခြင်း အခြေအနေများကို ရှင်းလင်းပြောကြားပြီး စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှု လိုအပ်နေသူများနှင့် စကားပြောဆိုခြင်း၊ လက်ဆောင်များ ပေးအပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးရန်အတွက် စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်းလုပ်ငန်းကို ဧပြီ ၂၅ ရက်မှ မေ ၄ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ရာ ၎င်းလုပ်ငန်းကို ရပ်ကွက် သုံးခုနှင့် ကျေးရွာအုပ်စု ခုနစ်စုတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

## ရွှေတောင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်

**ရွှေတောင် မေ ၃**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်စီမံကိန်းရေးဆွဲရေး အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားပြီး ရွှေတောင်မြို့နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ အတွင်းရေးမှူး မြို့နယ်စီမံကိန်း ဦးစီးမှူး ဒေါ်သိမ့်သိမ့်အောင်က စီမံကိန်းရည်မှန်းချက်များကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်များဖြစ်သည့် လယ်ယာကဏ္ဍကြီး၊ စက်မှုကဏ္ဍကြီး၊ ဝန်ဆောင်မှုကဏ္ဍကြီး၊ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရည်မှန်းချက်များကို သက်ဆိုင်ရာ မြို့နယ်အဆင့်ဌာနဆိုင်ရာများအား တာဝန်ပေးအပ်သည်။

ကိုကိုမင်း(ပြန်/ဆက်)



# ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကို စုဆောင်းကာ မိုးရေတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ(၁)

၂၀၂၅ ခုနှစ် ဧပြီလအတွင်း စခန်း ၃၀ တို့မှ မိုးရေနမူနာများ စုဆောင်းရယူနိုင်ခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့် စခန်း ၃၀ တို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ (ပုံ–၂)

မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၅ ခုနှစ် ဧပြီလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၃၀ တို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိပါကြောင်း တွေ့ရှိရပါသည်။ **မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

ပုံ(၁)၊ မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ




ပုံ (၂)၊ ၂၀၂၅ ခုနှစ်၊ ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ




၂၀၂၅ ခုနှစ် ဧပြီလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ

| စဉ် | စခန်းအမည် | pH | စဉ် | စခန်းအမည် | pH |
|---|---|---|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၆.၉ | ၁၆ | အောင်လံ | ၆.၈ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၁ | ၁၇ | စစ်တွေ | ၆.၉ |
| ၃ | တောင်ကြီး | ၆.၈ | ၁၈ | ပြည် | ၆.၅ |
| ၄ | မိုင်းဆတ် | ၆.၅ | ၁၉ | ပဲခူး | ၆.၆ |
| ၅ | ကျိုင်းတုံ | ၇.၀ | ၂၀ | တောင်ငူ | ၆.၇ |
| ၆ | စစ်ကိုင်း | ၇.၂ | ၂၁ | ပုသိမ် | ၆.၅ |
| ၇ | ဟုမ္မလင်း | ၇.၁ | ၂၂ | မအူပင် | ၆.၇ |
| ၈ | ညောင်ဦး | ၆.၆ | ၂၃ | ဟသ်ာတ | ၆.၅ |
| ၉ | မုံရွာ | ၇.၁ | ၂၄ | မော်လမြိုင် | ၆.၆ |
| ၁၀ | ပျဉ်းမနား | ၆.၇ | ၂၅ | ဘီးလင်း | ၆.၆ |
| ၁၁ | ပြင်ဦးလွင် | ၆.၉ | ၂၆ | ဘားအံ | ၇.၁ |
| ၁၂ | ကလေးဝ | ၆.၉ | ၂၇ | ကော့ကရိတ် | ၆.၅ |
| ၁၃ | ရန်ကုန် (ကမ္ဘာအေး) | ၆.၉ | ၂၈ | ထားဝယ် | ၆.၆ |
| ၁၄ | မော်ဘီ | ၆.၈ | ၂၉ | မြိတ် | ၆.၇ |
| ၁၅ | မကွေး | ၇.၀ | ၃၀ | ကော့သောင်း | ၆.၈ |

# ၂၀၂၅ ခုနှစ် ဧပြီလအတွင်း ရန်ကုန်(ကမ္ဘာအေး)၏ လေအရည်အသွေးအခြေအနေများ

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ဂျပန်နိုင်ငံ Asia Center for Air Pollution Research (ACAP) နှင့် Clean Air Asia တို့၏ ကူညီထောက်ပံ့မှုဖြင့် လေထုအတွင်း (2.5 µg) နှင့်အောက် သေးငယ်သောအမှုန်အမွှားများ (Particulate Matter – PM) ပါဝင်မှုကို တိုင်းတာနိုင်သည့် အလိုအလျောက် $PM_{2.5}$ Monitor စက်တပ်ဆင်၍ လေအရည်အသွေး ($PM_{2.5}$) စောင့်ကြည့်တိုင်းတာခြင်းလုပ်ငန်းကို ၂၆–၃–၂၀၁၈ ရက်နေ့မှစ၍ ၂၄ နာရီ စောင့်ကြည့်တိုင်းတာလျက်ရှိပါသည်။

ရန်ကုန်(ကမ္ဘာအေး)ရုံး၌ ၂၀၂၅ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၄ ရက်၊ ၇ ရက်နေ့မှ ၁၇ ရက်နေ့အထိနှင့် ၁၉ ရက်နေ့မှ ၃၀ ရက်နေ့အထိ တိုင်းတာရရှိခဲ့သည့် $PM_{2.5}$ တန်ဖိုးများကို လေအရည်အသွေးအညွှန်းကိန်း (Air Quality Index – AQI and Health Concerns) သတ်မှတ်ဖော်ပြချက်များနှင့် နှိုင်းယှဉ်ကြည့်ရာတွင် ဧပြီလ ၁၇ ရက်နှင့် ၂၉ ရက်နေ့တို့သည် AQI Range 0–50 အတွင်းတွင်ရှိသောကြောင့် ကောင်းမွန်သောအဆင့် (Good)၊ ၁၊ ၈ ရက်နှင့် ၉ ရက်နေ့တို့သည် AQI Range 101–150 အတွင်းတွင်ရှိသောကြောင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့် (Unhealthy for Sensitive Group)နှင့် ကျန်ရက်များသည် AQI Range 51–100 အတွင်းတွင်ရှိသောကြောင့် အသင့်အတင့်အဆင့် (Moderate) ဖြစ်ကြောင်း တွေ့ရှိရပါသည်။

တိုင်းတာရရှိခဲ့သည့်မှတ်တမ်းများအရ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ ရန်ကုန်(ကမ္ဘာအေး)ရုံး၏ လေအရည်အသွေးမှာ ဧပြီလအတွင်းတွင် ကောင်းမွန်သောအဆင့်၌ ၂ ရက်၊ အသင့်အတင့်အဆင့်၌ ၁၈ ရက်နှင့် ခံနိုင်ရည်နည်းပါးသောအုပ်စုများအတွက် ကျန်းမာရေးကိုထိခိုက်စေသောအဆင့်၌ ၃ ရက် ရှိနေကြောင်း သုံးသပ်တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**




ရန်ကုန် (ကမ္ဘာအေး)၏ လေအရည်အသွေးအညွှန်းကိန်း (AQI) များပြပုံ

လေအရည်အသွေးအညွှန်းကိန်း (AQI)အလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်

| လေအရည်အသွေး အညွှန်းကိန်း (AQI) | လေအရည်အသွေးအဆင့် | အဓိပ္ပာယ်ဖွင့်ဆိုချက် |
|---|---|---|
| ၀ - ၅၀ | ကောင်း | လေထုအရည်အသွေးမှာကျေနပ်ဖွယ်ရာဖြစ်သည်။ လေထုညစ်ညမ်းမှု အန္တရာယ်မရှိ သို့မဟုတ် လွန်စွာနည်းပါးသည်။ |
| ၅၁ - ၁၀၀ | အသင့်အတင့် | လေထုအရည်အသွေးမှာ လက်ခံနိုင်စရာဖြစ်သော်လည်း လေထုညစ်ညမ်းမှုအား ခံနိုင်ရည်နည်းပါးသည့် အချို့လူများအတွက် ကျန်းမာရေးထိခိုက်နိုင်ဖွယ် အသင့်အတင့်ရှိသည်။ |
| ၁၀၁ - ၁၅၀ | ခံနိုင်ရည်နည်းပါးသော အုပ်စုများအတွက် ကျန်းမာရေး ထိခိုက်စေ | လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသူများ ကျန်းမာရေးထိခိုက်နိုင်သည်။ ယေဘုယျအားဖြင့် ကျန်းမာရေးအတွက် စိုးရိမ်ဖွယ်မရှိပါ။ |
| ၁၅၁ - ၂၀၀ | ကျန်းမာရေးထိခိုက်စေ | လူတိုင်းကျန်းမာရေး ထိခိုက်မှုမျိုးကြုံတွေ့နိုင်သည်။ လေထုညစ်ညမ်းမှုကို ခံနိုင်ရည်နည်းပါးသော အုပ်စုများကျန်းမာရေး ပိုမိုထိခိုက်နိုင်သည်။ |
| ၂၀၁ - ၃၀၀ | ကျန်းမာရေးကိုအလွန် ထိခိုက်စေ | ကျန်းမာရေးအသိပေးချက် – လူတိုင်းကျန်းမာရေး ပြင်းထန်စွာ ထိခိုက်နိုင်သည်။ |
| ၃၀၁ - ၅၀၀ | အန္တရာယ်ရှိ | ကျန်းမာရေးဆိုင်ရာ အရေးပေါ်သတိပေးရမည့် အခြေအနေဖြစ်သည်။ လူထုတစ်ရပ်လုံးကျန်းမာရေး ထိခိုက်နိုင်ခြေပိုများသည်။ |

# မေလ၏ အနိမ့်ဆုံးအပူချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ် တင်သည့် ရက်စွဲ | အနိမ့်ဆုံးအပူချိန် စံချိန်သစ် | | ယခင်စံချိန်သစ် ကျိုးခဲ့သည့် ရက်စွဲ | အနိမ့်ဆုံးအပူချိန် စံချိန်ဟောင်း | | စခန်းဖွင့်သည့် နှစ်မှစ၍ လွန်ခဲ့သော နှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | ဒီဂရီ ဆဲလ်စီးယပ် | ဒီဂရီ ဖာရင်ဟိုက် | | ဒီဂရီ ဆဲလ်စီးယပ် | ဒီဂရီ ဖာရင်ဟိုက် | |
| ၁။ | ဟားခါး | ၃-၅-၂၀၂၅ | ၆.၇ | ၄၄.၁ | ၂-၅-၂၀၂၄ | ၇.၀ | ၄၄.၆ | ၄၅ |

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့။**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၃

တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# ကချင်ပြည်နယ်၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအတွက် ဆန်၊ ဆီ ထောက်ပံ့ပေးအပ်

**ပူတာအို မေ ၃**

တက္ကသိုလ်ဝင်စာမေးပွဲကို ပြန်လည်ဖြေဆိုမည့် (Grade–12) ကျောင်းသား ကျောင်းသူများကို ပူတာအိုစာစစ်ဌာန အထက (ပူတာအို)ကျောင်း၊ မချမ်းဘောစာစစ်ဌာန အထက(လေယာဉ်ကွင်း) ကျောင်း၊ နောင်မွန်စာစစ်ဌာန အထက(ဒုတ္ထန်) ကျောင်းတွင် Camp သွင်း လေ့ကျင့်မည်ဖြစ်ရာ စခန်းသွင်းလေ့ကျင့်နေစဉ်အတွင်း စားဝတ်နေရေး အဆင်ပြေချောမွေ့စေရန်အတွက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ဆန်၊ ဆီ ပေးအပ်ပွဲကို မေ ၃ ရက်က ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွန်းက တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား ဆန်၊ ဆီ ပေးအပ်ရခြင်းနှင့် တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် အားပေးစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်နှင့်ဇနီး၊ ပူတာအို တပ်နယ်မှူး ဗိုလ်မှူးကြီး ရဲဟိန်းနှင့်ဇနီး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစိုးထွန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ကျော်လွင်နှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက ပူတာအိုခရိုင်အတွင်းရှိ စာစစ်ဌာန သုံးခုမှ တက္ကသိုလ်ဝင်တန်း ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၆၄၇ ဦး အတွက် ဆန် ၂၄ ပြည်အိတ် ၅၁ အိတ်၊ ဆီ ၃ ပိဿာဘူး ၂၅ ဘူးတို့ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




◆ ကျော့ဖုံးမှ

ထိုသို့ လုပ်ဆောင်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မုံရွာတောင်ရပ်ကွက် မုံရွာတောင်ဇက်ဆိပ်(မုံရွာ–ညောင်ပင်ကြီး ကူးတို့ဆိပ်)ရှိ ပြည်သူများနှင့် ယာဉ်များ အတက်အဆင်းပြုလုပ်ရာနေရာ၌ လက်လုပ်တိုက်မိုင်းများ ထောင်ထားကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏သတင်းပေးမှုအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးစဉ် ယနေ့နံနက် ၇ နာရီ မိနစ်၂၀ ခန့်တွင် အဆိုပါဇက်ဆိပ်၌ အကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်တိုက်မိုင်း ငါးလုံးကို တွေ့ရှိရသဖြင့် အများပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုမဖြစ်စေရန် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးအန္တရာယ်ကင်းရှင်းစွာ စနစ်တကျ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ပြည်သူများအပေါ် ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြစ်စဉ်ဖြစ်ပွားရာ နေရာတစ်ဝိုက်ကို လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**PDF အမည်ခံအကြမ်းဖက်သမားများ လက်လုပ်တိုက်မိုင်းဖောက်ခွဲရန် ထောင်ထားသည့်ဖြစ်စဉ်နေရာပြပုံ။**




## ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများနှင့် မြစ်ထွက်ပေါက်များ ကြည့်ရှုစစ်ဆေး

**ရန်ကုန် မေ ၃**

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးညီညီသည် ကော်မတီဝင်များ၊ ဌာနမှူးများ၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က ဒေါပုံမြို့နယ် အမှတ် (၁) မြစ်ထွက်ပေါက်နှင့် သာကေတမြို့နယ် အမှတ် (၂) မြစ်ထွက်ပေါက်များသို့ သွားရောက်၍ အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းမှုကို ကြည့်ရှုစစ်ဆေးပြီး ဆယ်ယူပြီး အမှိုက်နှင့် နုန်းများကို စနစ်တကျ စွန့်ပစ်ရန်၊ စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှု မရှိစေရေးတို့ကို ဒုတိယမြို့တော်ဝန်က မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒုတိယမြို့တော်ဝန်သည် တာဝန်ရှိသူများနှင့်အတူ ဒဂုံမြို့သစ် (ဆိပ်ကမ်းမြို့နယ်) ရတနာလမ်းပေါ်ရှိ ဆယ်ပေါက် ချောင်းမြစ်ထွက်ပေါက်သို့ သွားရောက်ကာ ချောင်းပိတ်ဆို့မှု မဖြစ်စေရေး၊ အမှိုက်နှင့် နုန်းများ အပြောင်ဆယ်ယူ ရှင်းလင်း၍ စနစ်တကျ စွန့်ပစ်ရန်၊ ရေကြီးရေလျှံမှုများ မဖြစ်စေရေး အလေးထားဆောင်ရွက်ရန်တို့ကို မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် (၉၂) ရပ်ကွက် ကမ်းနားလမ်း ကုလားဝဲတံတား (အမှတ် ၂ သန်လျင်တံတား) အနီးရှိ ဒဂုံတံတား ရေထိန်းတံခါး ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်ထားရှိမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေထိန်းတံခါး ဘေးဝဲ/ယာ ချုံနွယ်များ ရှင်းလင်းရေး မှာကြားခဲ့ကြောင်း သိရသည်။

မြို့နယ်
(ပြန်/ဆက်)

✻ ကျော့ဖုံးမှ

ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး Winner Soccer အသင်းနှင့် ဖူဆယ်ချစ်သူအသင်းက ၁၂ မှတ်စီ၊ YRG အသင်းနှင့် Pacific Sun Far အသင်းက ရှစ်မှတ်စီ၊ FFU မင်းမဟော်အသင်းနှင့် VUC ULAD အသင်းက ခုနစ်မှတ်စီ၊ MIU အသင်းက ခြောက်မှတ်၊ Royal Noka အသင်း က ငါးမှတ်၊ Generations အသင်းက လေးမှတ်၊ JV အသင်းက သုံးမှတ်ရရှိထားပြီး ရွှေပြည်သာယူနိုက်တက်အသင်းသည် အမှတ်လျော့ပြစ်ဒဏ်ချမှတ်ခံထားရသဖြင့် (–၆) မှတ်ဖြစ်နေသည်။ ငလျင်ဒဏ်ကြောင့် ရွှေ့ဆိုင်းပွဲများရှိသဖြင့် တစ်သင်းလျှင် ငါးပွဲစီသာ ကစားရသေးခြင်းဖြစ်သည်။

ညီမြတ်သော်တာ၊ ဓာတ်ပုံ–MFF

❒ ကျော့ဖုံးမှ

အကြိတ်အနယ် ကစားပြီး အရေးပါသည့်နိုင်ပွဲရလဒ်ကို ဖော်ဆောင်နိုင်ခဲ့သည်။ ဝုဖ်အသင်းက မန်စီးတီးအသင်း၏ တိုက်စစ်ဆင်ကစားမှုအောက် အသင်းကစားပုံ ဟန်ချက်ပျက်ခဲ့သော်လည်း တန်ပြန်တိုက်စစ်ဆင်ကစားမှုက ပြိုင်ဘက်အသင်း ခံစစ်နှင့် ဂိုးသမားတို့ကို အခက်တွေ့စေခဲ့သည်။

မန်စီးတီးအသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို ပွဲကစားချိန် ၃၅ မိနစ်တွင် ဒိုကူ၏ ဖန်တီးမှုမှ အသင်းခေါင်းဆောင် ဒီဘရိုင်းက အဆုံးသတ်သွင်းယူနိုင်ခဲ့သည်။ ထို့နောက် မန်စီးတီးအသင်းရော ဝုဖ်အသင်းပါ လူစားလဲမှုများပြုလုပ်ကာ သွင်းဂိုးရရှိရေး ကြိုးပမ်းလာသော်လည်း ပွဲကစားချိန်ပြည့်သည်အထိ တစ်ဖက်နှင့်တစ်ဖက် ထပ်မံဂိုးသွင်းယူနိုင်ခြင်း မရှိသည့်အတွက် မန်စီးတီးအသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ယခုအနိုင်ပွဲကြောင့် ပရီမီယာလိဂ် ၃၅ ပွဲကစားပြီး နိုင်ပွဲ ၁၉ ပွဲနှင့် အတူ ရမှတ် ၆၄ မှတ်ဖြင့် ချန်ပီယံလိဂ်ဝင်ခွင့် လက်တစ်ကမ်းအလို ရောက်လာပြီဖြစ်သည်။ ဝုဖ်အသင်းက ယခုပွဲစဉ် ရှုံးနိမ့်ခဲ့သည့်အတွက် ပရီမီယာလိဂ်တွင် ရှုံးပွဲ ၁၈ ပွဲ ရှိလာပြီ ဖြစ်သည်။

ပရီမီယာလိဂ်ပွဲစဉ် (၃၅) မတိုင်မီ အမှတ်ပေးဖလား ချန်ပီယံနှင့် တန်းဆင်းရမည့် အသင်းသုံးသင်း ထွက်ပေါ်ထားပြီး ဖြစ်သည်။ အမှတ်ပေးဖလားကို လီဗာပူးအသင်းက စံချိန်တင် အကြိမ် (၂၀) မြောက် ဆွတ်ခူးနိုင်ခဲ့ပြီး အစ်ဆွစ်၊ လက်စတာနှင့် ဆောက်သမ်တန် အသင်းတို့က တန်းဆင်းခဲ့ရပြီ ဖြစ်သည်။ သို့သော်လည်း ယူရိုပါလိဂ်ဝင်ခွင့်နှင့် ချန်ပီယံလိဂ်ဝင်ခွင့်တို့အတွက် ပြတ်သားသည့် ရလဒ်ထွက်ပေါ်ထားခြင်း မရှိသေးသောကြောင့် ပွဲစဉ်များ ပြီးဆုံးသည်အထိ ပြိုင်ဆိုင်မှုပြင်းထန်နေဦးမည်ဖြစ်သည်။

အောင်ဇော်

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**မလှိုင် မေ ၃** – (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မေ ၃ ရက်က မလှိုင်မြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။ ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇေယျာအောင်နှင့် သန္နေတပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များက ဆေးရုံဝင်းအတွင်း မြက်နှင့်အမှိုက်များ ရှင်းလင်းခြင်း၊ ဆေးကုသဆောင်များ အတွင်း အပြင် ဆေးကြောသန့်စင် ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မောင်ကျော်ကြီး



# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မေ ၁ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် ၁၉ စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၆၅ မျိုး၊ လူသုံးကုန်ပစ္စည်း ၂၆ မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၈၂၃၃၀၈) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck ငါးစီး၊ Nissan Diesel Truck ခြောက်စီး၊ Hino Profia Truck ငါးစီး၊ Pyay Truck တစ်စီး၊ Isuzu Giga Truck တစ်စီး၊ Zar Tha Pyin Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၅၀၈၂၃၃၀၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၂ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရတနာပုံတံတား (မန္တလေး)စစ်ဆေးရေးဂိတ်၌ မုံရွာမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၆၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Noah တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ကျွဲတပ်ဆုံစစ်ဆေးရေးဂိတ်၌ တောင်ကြီးမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ၁၄ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၃၈၃၁၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jinbei Mini Bus တစ်စီး၊ Toyota Hiace တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၀၀၀၀၀)ကိုလည်းကောင်း၊ ထုံးဘို ၇ မိုင် ကတ္တားအနီး၌ မော်တော်ယာဉ် ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၄၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၇၄၁၃၃၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck သုံးစီး၊ Nissan Diesel Truck တစ်စီး၊ Hino Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၅၈၃၅၆၄၀၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြဝတီ–ကော့ကရိတ် အာရှလမ်းမကြီးဘေး ရပ်ကွက် (၄) ရှိ ကုန်လှောင်ရုံတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၅၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ ခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၃၀၁၈၅၅၈)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၂၀၀၀)ကိုလည်းကောင်း၊ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်အနီး၌ ဘားအံမြို့မှ မန္တလေးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)ကို လည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၀၂၀၀၅၅၈ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ မင်းဓမ္မ (၈)လမ်း အင်းလေးမြိုင် စက်မှုဇုန်ရှိ ဂိုဒေါင်တစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း တစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၉၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမြန်လမ်းမကြီး(ဝ)မိုင် နှင့် ၂၆/၄ မိုင်အနီး၌ မော်တော်ယာဉ်ငါးစီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၆မျိုး၊ လူသုံးကုန်ပစ္စည်း လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၈၄၁၈၆၃၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Yutong Bus နှစ်စီး၊ Mitsubishi Fuso Bus တစ်စီး၊ Sun Long Bus တစ်စီး၊ Nissan Caravan တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၃၄၁၈၆၃၀ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

မေ ၁ ရက်နှင့် ၂ ရက် တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၇၄ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၈၅၉၈၈၈၉၆) ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင် တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု စွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**




ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

# ရေတာရှည်မြို့နယ်၌ ခရီးသည်တင်မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိ၍ အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် မေ ၃**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်၌ မေ ၂ ရက်က ခရီးသည်တင်မော်တော်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဆိုင်ကယ်ကို ဝင်ရောက်တိုက်မိ၍ အမျိုးသား တစ်ဦး သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂ ရက် မွန်းလွဲ ၂ နာရီခွဲက ရေတာရှည်မြို့နယ် (၁)ရပ်ကွက် ရန်ကုန်–မန္တလေး လမ်း မိုင်တိုင်အမှတ်၁၉၄မိုင် ခုနစ်ဖာလုံနှင့် ရှစ်ဖာလုံကြား၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ မြို့လုံနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးရာ မန္တလေးဘက်မှရန်ကုန်ဘက်သို့ မြို့လုံမြို့ (၁)ရပ်ကွက်နေ စိုးကွင်း(၄၇)နှစ် မောင်းနှင်လာသည့် 78W/xxxx HONDA-125 ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ လမ်း၏အနောက်ဘက်မှ အရှေ့ဘက်သို့ချိုးကွေ့စဉ် လားရာတူနောက်မှ မိတ္ထီလာမြို့ အောင်ဇေယျာနယ်မြေ(၆)နေ လွင်သက်ပိုင်(၃၅)နှစ် မောင်းနှင်လာသည့် 5M/xxxx ခရီးသည်တင်ယာဉ်မှ အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိခဲ့သဖြင့် စိုးကွင်းတွင် ဒဏ်ရာများရရှိကာ သေဆုံး သွားခဲ့သောကြောင့် လွင်သက်ပိုင်အား မြို့လုံနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ရဲပြန်ကြား**



# စစ်ကိုင်းမြို့နယ်၌ လိုင်စင်မဲ့မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**နေပြည်တော် မေ ၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ မေ ၂ ရက်က လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၁ ရက် ညနေ ၄ နာရီခွဲက တကောင်းရပ်ကွက်ရှိ ရတနာပုံ တံတားပူးပေါင်းစစ်ဆေးရေး ဂိတ်၌ အမှတ်(၁၀၆)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် မန္တလေး–ရွှေဘို–မုံရွာကားလမ်း အတိုင်း အရှေ့မှအနောက်သို့ ချမ်းမြသာစည်မြို့နယ် သာမိုးအနောက်ရပ်ကွက်နေ ဖြိုးဝေထက်(၂၉)နှစ် မောင်းနှင်လာသည့် MDY-13 1H/xxxx TOYOTA MARK II အမျိုးအစား အဖြူရောင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ လိုင်စင်မဲ့ မော်တော်ယာဉ် ဖြစ်ကြောင်း စစ်ဆေးသိရှိရသဖြင့် ဖြိုးဝေထက်အား စစ်ကိုင်းမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**




# ထိုင်းခြေစမ်းခရီးစဉ် နောက်ဆုံးခြေစမ်းပွဲ၌ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်း ရှုံးနိမ့်

**ရန်ကုန် မေ ၃**

နိုင်ငံတကာ ပြိုင်ပွဲများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ထိုင်းနိုင်ငံတွင် သွားရောက်လေ့ကျင့်ခဲ့သည့် မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် နောက်ဆုံးခြေစမ်းပွဲအဖြစ် ယနေ့ Black Pearl United အသင်းနှင့် ယှဉ်ပြိုင်ကစားရာ ခြောက်ဂိုး–နှစ်ဂိုးဖြင့် အရေးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဧပြီ ၂၆ရက်မှ မေ ၃ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ သွားရောက်လေ့ကျင့်ခဲ့ပြီး ခြေစမ်းပွဲသုံးပွဲ ယှဉ်ပြိုင်ကစားရာ သုံးပွဲစလုံး အရေးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဧပြီ ၂၈ ရက်တွင် SWU Imane အသင်းကို လေးဂိုးပြတ်၊ မေ ၁ ရက်တွင် ထိုင်းကလပ် Thammasat Stallion အသင်းကို သုံးဂိုး–နှစ်ဂိုး၊ မေ ၃ ရက်တွင် Black Pearl United အသင်းကို ခြောက် ဂိုး–နှစ်ဂိုးတို့ဖြင့် ရှုံးနိမ့်ခဲ့သည်။

**ရဲရင့်လွင်**

# ရှာင်မြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ ငွေကျပ် ၁၀၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၈၆၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိ



လော်စီခမ်း(ခ)ကျရှီးပါးအား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် မေ ၃**

ရှာင်မြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ ငွေကျပ် ၁၀၈ သိန်းတန်ဖိုးရှိ ဘိန်းစိမ်းများနှင့် တာချီလိတ်မြို့နယ်၌ ငွေကျပ်သိန်း ၈၆၀ တန်ဖိုးရှိ စိတ်ပြောင်းဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁ ရက် နံနက် ၁၀ နာရီခွဲတွင် ရှာင်မြို့နယ် မြို့ကြီးကျေးရွာအုပ်စု မြို့ကြီးကျေးရွာအနီးတွင် မသီတာမွေး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၅ ကီလို(တစ်ကီလိုလျှင် ငွေကျပ် ၃ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ်၄၅သိန်း)သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ အမရပူရမြို့နယ် ဥယျာဉ်တော်ရပ်ကွက်ရှိ မောင်ပု(ခ)မောင်ညွန့်၏ နေအိမ်မှ ဘိန်းစိမ်း ၂၁ ကီလို(တစ်ကီလိုလျှင် ငွေကျပ် ၃ သိန်းနှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၆၃ သိန်း) ဆက်လက်သိမ်းဆည်းရမိခဲ့သဖြင့် မသီတာမွေး(၃၄)နှစ်နှင့် မောင်ပု(ခ)မောင်ညွန့်(၅၉)နှစ်တို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

အလားတူ မေ ၂ ရက် နံနက် ၈နာရီခွဲတွင် တာချီလိတ်မြို့နယ် လွယ်တော်ခမ်း ကျေးရွာအုပ်စု လွယ်တော်ခမ်း ကျေးရွာအနီးတွင် လော်စီခမ်း(ခ)ကျရှီးပါး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါးများဖြစ်သည့် ကက်တမင်း ၂ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၂၀၀) နှင့် Happy Water သုညဒသမ ၆ ကီလို (တစ်ကီလိုလျှင် ငွေကျပ်သိန်း ၁၁၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် သိန်း ၆၆၀) သိမ်းဆည်းရမိခဲ့သဖြင့် လော်စီခမ်း(ခ)ကျရှီးပါး (၃၆)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြသူများအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် မေ ၃**

အမျိုးသမီးများကို တရုတ်ဇနီးမယားအဖြစ် ပို့ဆောင်ရောင်းစားခဲ့ကြသူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ်အသီးသီး ချမှတ်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာနေ ဒေါ်မင်းဆန်းနှင့် မသော်တာမင်း(လိပ်စာတူ) နေသူတို့က နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ထန်းတပင်ကျေးရွာနေ မ---၊ ၄၂/၂၀၂၄ နှစ်အား တရုတ်အမျိုးသားနှင့် လက်ထပ်ရန် တရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့ကြသဖြင့် လယ်ဝေးခရိုင် ဒက္ခိဏသီရိမြို့နယ် ဥသျှောင်ဂေဟာနယ်မြေရဲစခန်း(ပ) ၅၉/၂၀၂၄၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။

လယ်ဝေးခရိုင် တရားရုံးမှ ဧပြီ ၂၉ ရက်တွင် တရားခံ ဒေါ်မင်းဆန်းနှင့် မသော်တာဝင်းတို့ နှစ်ဦးကို လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေပုဒ်မ ၃၈(က)အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ မဥမ္မာထွေး (ခ) မထွေး(ခ) ယွန်းငယ်အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် မူဆယ်မြို့ မန့်ဝိန်းနယ်မြေ စွမ်းစော်ရပ်ကွက် "ကောင်း" ဟိုတယ်ဝင်း ဆိုင်ကယ်ဂိုဒေါင်နေ အောင်ဆန်းဦး က ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွတ်ခိုင်ခရိုင် နမ့်ဖက်ကာမြို့နယ် ရီယာန်ကျေးရွာနေ မ ---၊ ၁၇/၂၀၂၅ နှစ်အား တရုတ်အမျိုးသားနှင့် လက်ထပ်ရန် တရုတ်နိုင်ငံသို့ ပို့ဆောင်ခဲ့သဖြင့် မူဆယ်မြို့မရဲစခန်း (ပ)၃၉/၂၀၂၅၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ပုဒ်မ ၃၈(က) /၄၄ ဖြင့် အမှုရေးဖွင့် တရားစွဲတင်ခဲ့သည်။ မူဆယ်ခရိုင်တရားရုံးမှ ဧပြီ ၂၈ ရက်တွင် တရားခံ အောင်ဆန်းဦးကို လူကုန်ကူးမှုတားဆီး နှိမ်နင်းရေး ဥပဒေပုဒ်မ ၃၈ (က) အရ အလုပ်နှင့်ထောင်ဒဏ် နှစ် (၂၀) ကျခံစေရန် အမိန့်ချမှတ်ခဲ့ပြီး တိမ်းရှောင်တရားခံ ဒေါ်ဝင့်ဝါထွန်းနှင့် ဒေါ်နန်းအေးဆေးတို့ နှစ်ဦးအားရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ၈၇/၈၈ အတည်ပြုထုတ်ဆင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

- အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။
- အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် သာစည်-ရွှေညောင် ရထားလမ်းပိုင်း၊ ဆင်တောင်နှင့် မြင်းဒိုက်ဘူတာအကြား ရထားလမ်းတာပေါင်ပြိုကျမှုဖြစ်ပွား

**နေပြည်တော် မေ ၃**

မိုးကြိုကာလဖြစ်သည့် မေ ၁ ရက်မှစ၍ နေရာအချို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) သာစည်မြို့နယ်အတွင်းရှိ သာစည်-ရွှေညောင် ရထားလမ်းပိုင်း၏ ဆင်တောင်နှင့် မြင်းဒိုက်ဘူတာအကြား၊ မိုင်တိုင်အမှတ် ၃၅၇/၄-၅ အကြား ရထားလမ်းတာပေါင် ပြိုကျမှုဖြစ်ပွားခဲ့ပြီး ရထားလမ်းပိုင်းကို မေ ၁ ရက် ညနေ ၆ နာရီ ၁၆ မိနစ်မှစ၍ ယာယီပိတ်ထားခဲ့ရကြောင်း သိရသည်။



ရထားလမ်း တာပေါင်ပြိုကျမှုဖြစ်ပွားရာသို့ မြန်မာ့မီးရထားဝန်ထမ်းများက ယင်းနေ့ည ၇ နာရီတွင် ရောက်ရှိစစ်ဆေးခဲ့ရာ ရထားလမ်းတာပေါင် ဇလီဖားတုံးထိပ်မှ အလျားပေ ၂၀၊ အမြင့်ပေ ၃၀ ခန့်ရှိ မြေသားတာပေါင်ပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အဆိုပါ ရထားလမ်းတာပေါင်ပြိုကျမှုကြောင့် မေ ၂ ရက်မှစ၍ ယာယီ ရပ်နားထားရသည့် သာစည်-ရွှေညောင်ရထားခရီးစဉ်အမှတ်(၁၄၁)အဆန်၊ (၁၄၂)အစုန် ရထားများ အမြန်ဆုံး ပြန်လည်ပြေးဆွဲနိုင်ရေး မြန်မာ့မီးရထားဝန်ထမ်းများက ပျက်စီးခဲ့သည့် ရထားလမ်းပိုင်း မြေထိန်းနံရံအား ပိုင်ရိုက်ခြင်းနှင့် ၆"x ၉" ကျောက်ကြီးများ ထည့်သွင်းခြင်းတို့ကို အမြန်ဆုံးပြုပြင် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကော့သောင်း - ရနောင်းနယ်စပ်ဂိတ်မှ လူဝင်လူထွက် ပုံမှန်အတိုင်းသွားလာလျက်ရှိ

**ကော့သောင်း မေ ၃**

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကော့သောင်းမြို့နှင့် ထိုင်းနိုင်ငံ ရနောင်းမြို့သို့ သွားလာလျက်ရှိသည့် နယ်စပ်ဂိတ်မှ နှစ်နိုင်ငံပြည်သူများ ပုံမှန်အတိုင်းဝင်ထွက်သွားလာလျက်ရှိကြောင်း သိရသည်။

ကော့သောင်းမြို့နှင့် ရနောင်းမြို့သည် ရေလမ်းခရီးဖြင့်သွားလာနေရသည့် နယ်စပ်ဂိတ်တစ်ခုဖြစ်ပြီး နှစ်နိုင်ငံပြည်သူများမှာ ပဲ့ချိတ်၊ စပီးဘုတ်များဖြင့် သွားလာလျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဧပြီ ၂၉ နဲ့ ၃၀ ရက်မှာ နှစ်နိုင်ငံ ထိုင်းနိုင်ငံဘက်က ရနောင်းနယ်စပ်ဂိတ်ကို လူဝင်လူထွက်ပိတ်မယ်လို့ ကောလာဟလသတင်းတွေ ထွက်ပေါ်နေပါတယ်။ အခု မေ ၂ ရက်ကနေ ပုံမှန်အတိုင်းသွားလာလျက်ရှိနေပါတယ်။ နှစ်နိုင်ငံနယ်စပ်ဂိတ်က လဝကဂိတ်တွေမှာလည်း နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်/ စာအုပ်တွေကို ပုံမှန်အတိုင်းထုတ်ပေးလျက်ရှိပါတယ်။ မေ ၂ ရက်မှာ ထိုင်းနိုင်ငံဘက်က လူဝင်လူထွက်ဂိတ်ပိတ်မယ်ဆိုတာ မဟုတ်မမှန်ပါဘူး"ဟု နယ်ခြားကော်မတီအဖွဲ့နှင့် နီးစပ်သူတစ်ဦးက ပြောကြားသည်။

လူမှုကွန်ရက်ပေါ်တွင် ဧပြီ ၂၉ ရက်က ရနောင်းမြို့အုပ်ချုပ်ရေးမှူးအနေဖြင့် မေ ၂ ရက်မှစတင်ကာ နယ်စပ်ကူးသန်းသွားလာမှု တစ်လပိတ်မည်ဖြစ်ကြောင်း၊ ရနောင်းခရိုင် လူဝင်မှုကြီးကြပ်ရေးဌာနအနေဖြင့် စီးပွားရေးလုပ်ငန်းရှင်များအား အကြောင်းကြားထားရန်စသည့်သတင်းများ ထွက်ပေါ်ခဲ့ကြောင်း သိရသည်။ အဆိုပါ ဖြစ်စဉ်အပေါ် နှစ်နိုင်ငံတာဝန်ရှိသူများက သတင်းမှားသာဖြစ်ကြောင်း ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ သို့ဖြစ်ပါ၍ မေ ၂ ရက်မှစတင်ပြီး နှစ်နိုင်ငံပြည်သူများမှာ ကော့သောင်း - ရနောင်းနယ်စပ်ဂိတ်မှ ပုံမှန်အတိုင်းသွားလာမှု၊ ကုန်သွယ်မှုပြုလုပ်နေကြောင်း သိရသည်။ **မြင့်ဦး(မြိတ်)**



မေ ၂ ရက်က ကော့သောင်းနယ်စပ်ဂိတ်မှ ရနောင်းမြို့သို့ သွားလာနေသည့် မြန်မာနိုင်ငံသားများကို တွေ့ရစဉ်။

## (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လုပ်အားဒါနဆောင်ရွက်

**ပုသိမ် မေ ၃**

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းလုပ်အားဒါနပေးပွဲကို မေ ၁ ရက်က ပုသိမ်မြို့ အမှတ်



(၁၂) ရပ်ကွက်ရှိ လေးကျွန်းရန်အောင်ဖောင်တော်ဦးစေတီတော်၌ ဆောင်ရွက်သည်။

စုပေါင်းလုပ်အားဒါနပေးပွဲကို ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကိုကိုဦး၊ ပုသိမ်ခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သူရဦးဆောင်၍ သန္နေနှင့်အရန်မီးသတ် တပ်ဖွဲ့ဝင် ၁၂၀၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီဝင် ၃၀ စုစုပေါင်း အင်အား ၁၅၀ တို့က စေတီတော်နှင့် ရင်ပြင်တော်တို့အား ရေသပ္ပာယ်ခြင်း၊ ဘုရားဝင်းအတွင်း ချုံနွယ်များ ရှင်းလင်းခြင်း၊ ဘုရားပန်းအိုးများ လဲလှယ်ခြင်း၊ တံမြက်စည်းလှဲခြင်းများကို ဆောင်ရွက်ခဲ့ကြသည်။ ယင်းနောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးနှင့် ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးတို့က ဆွမ်းတော်၊ ပန်း၊ ရေချမ်းတို့ကို ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ခရိုင်
(ပြန်/ဆက်)

## လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် စာကြည့်တိုက်ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲပြုလုပ်

**ရန်ကုန် မေ ၃**

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင် မြောက်ပိုင်းခရိုင် တာဝန်ခံ ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ- တောင်တွင်းကြီး)နှင့် အင်းစိန်ခရိုင် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ် စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဝင်များ တွေ့ဆုံပွဲကို ယမန်နေ့က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီဝင်က ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာတတ်သူများ စာဖတ်နိုင်ရေးနှင့် စာကြည့်တိုက်အသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးတို့အတွက် လာရောက်ဆွေးနွေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး ရုံးဖွဲ့မှူး ဦးဝင်းသိန်းက စာကြည့်တိုက်မှူးများ စာအုပ်များထားရှိမှု၊ စာငှားစနစ်နှင့် ရုံးစာရေးသားနည်း လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေး၍ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဆန်းမင်းသိုက်က မြို့နယ်တွင် စာကြည့်တိုက်များ မိုးရာသီ သဘာဝအန္တရာယ်တားဆီးကာကွယ်ရေး စာအုပ်များ၊ စာအုပ်စင်၊ ထိုင်ခုံများရရှိရေး၊ စာကြည့်တိုက်မှူးများ ထောက်ပံ့ငွေ ပေးအပ်နိုင်ရေး ဆွေးနွေးတင်ပြကာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ဇော်က မြို့နယ် စာကြည့်တိုက်များ ဖွင့်လှစ်ထားရှိမှု၊ စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ပြိုင်ပွဲများ ပြုလုပ်နေမှုအခြေအနေများနှင့် စာကြည့်တိုက်အသစ်များ တိုးချဲ့ဖွင့်လှစ်နိုင်ရေး လိုအပ်ချက်များကို ဆွေးနွေးတင်ပြသည်။



ထို့နောက် စာကြည့်တိုက်များ ကြီးကြပ်ရေး ကော်မတီဝင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းကော်မတီဝင်က ညှိနှိုင်းပေါင်းစပ်ဆွေးနွေးပြီး မြို့နယ်အတွင်းရှိ လမ်းပြကြယ် စာကြည့်တိုက်နှင့် အသစ်ဖွင့်လှစ်ထားသော စာကြည့်တိုက်များကို သွားရောက်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဉာဏ်လင်း

## ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသော မြို့နယ်များရှိ ပြည်သူများအတွက် စိတ်လူမှုရေးပိုင်းဆိုင်ရာပံ့ပိုးခြင်းများဆောင်ရွက်

**ရမည်းသင်း မေ ၃**

ငလျင်ဒဏ်သင့် မြို့နယ်များရှိ ပြည်သူများအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာပြန်လည်ထူထောင်ပေးနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနမှ စိတ်လူမှုဆိုင်ရာ ပံ့ပိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် မြို့လှအုပ်စု သီးကုန်းကျေးရွာ သာသနာ့ဗိမာန်နှင့် ပျော်ဘွယ်မြို့နယ် ယင်းတော်(မြို့မ) ဘုန်းကြီးကျောင်းတို့၌ ဆောင်ရွက်ကြသည်။



မန္တလေးတိုင်းဒေသကြီးအတွင်း အင်အားပြင်းငလျင်သက်ရောက်မှုကြောင့် လူသေဆုံး ထိခိုက်ဒဏ်ရာရရှိမှုများ၊ နေအိမ်များ ပြိုလဲပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ထိခိုက်ခံစားခဲ့ရသော မြို့နယ်များရှိ ပြည်သူများအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ပေးနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနမှ စိတ်လူမှုဆိုင်ရာပံ့ပိုးခြင်း ဆောင်ရွက်ရန် ဖွဲ့စည်းထားသော လူမှုဝန်ထမ်းဦးစီးဌာန(ရုံးချုပ်)၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ စိတ်လူမှုရေးပိုင်းဆိုင်ရာပံ့ပိုးခြင်း ဆောင်ရွက်မည့် အဖွဲ့ဝင်များသည် ဧပြီ ၂၅ ရက်မှစတင်၍ တိုင်းဒေသကြီးအတွင်း ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် မြို့နယ်များသို့ရမည်းသင်း ခရိုင်လူမှုဝန်ထမ်းရုံး ခရိုင်ဦးစီးမှူးက ကြီးကြပ်၍ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြောင်းမြမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်

**မြောင်းမြ မေ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းက မြို့ပေါ်ရပ်ကွက်များတွင် မီးဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး၏ ညွှန်ကြားမှု၊ ခရိုင်မီးသတ်ဦးစီးမှူး၏ စီမံကြီးကြပ်မှုဖြင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးဆောင်သောသန္နေ/အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ရပ်ကွက်များအတွင်း တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုစစ်ဆေးခြင်း၊ မီးဘေးလုံခြုံရေးပညာပေးစာဆောင်များဖြန့်ဝေခြင်း၊ အသိပညာပေးဟောပြောခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိသည်။

မြောင်းမြမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် ပြည်သူများ မီးပေါ့ဆမှု မရှိစေရေးနှင့် မီးလောင်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် မီးသုံးစွဲရာ တွင်သတိပြုရမည့် ဆောင်ရန်၊ ရှောင်ရန်အချက်များကိုလည်း မြို့ပေါ် ရပ်ကွက်များနှင့် ကျေးရွာများတွင် အသံချဲ့စက်ဖြင့် လှည့်လည်၍ အပတ်စဉ် လှုံ့ဆော်သတိပေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇေယျာ(မြောင်းမြ)



## နတ်မောက်မြို့နယ်၌ ဒေသတွင်း စားသုံးဆီဖူလုံရေး နှမ်းများ စိုက်ပျိုးလျက်ရှိ

**နတ်မောက် မေ ၃**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများသည် မြေအောက်ရေပေးသွင်း၍ ဒေသတွင်း စားသုံးဆီဖူလုံရေး နွေနှမ်းများ စိုက်ပျိုးလျက်ရှိကြောင်း စိုက်ပျိုးသူ တောင်သူများက ပြောသည်။ ကျေးလက်နေပြည်သူများအနေဖြင့် ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် မိုး၊ ဆောင်း၊ နွေ ကာလများတွင် ဆီထွက်သီးနှံတစ်မျိုးဖြစ်သည့် နှမ်းများစိုက်ပျိုးကြကြောင်း၊ မိုးဦးကာလစိုက်ပျိုးသည့် နှမ်းနှင့်အတူ မိုးကောင်းတာကြောင့် ပေါင်းမြက်များ ရှင်းလင်းခပိုမိုကုန်ကျကြောင်း၊ ဆောင်းရာသီနှင့် နွေရာသီကာလများတွင် မြေအောက်ပေးသွင်း၍ စိုက်ပျိုးပြီး ကျောင်းလိုက်ခြင်းကို ပုံမှန်ပြုလုပ်ပေးပါက ပေါင်းမြက်ရှင်းလင်းရန် လုပ်အားငှားရန်ခ ကုန်ကျမှုသက်သာကြောင်း၊ နှမ်းများစိုက်ပျိုးရာတွင် ယခင်ကကဲ့သို့ ကျောင်းစနစ်၊ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြသူများရှိသကဲ့သို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ နည်းပညာပေးမှုကြောင့် ဘောင်ကြီးတင်စနစ်ဖြင့် နွေနှမ်းများ စိုက်ပျိုးလာကြကြောင်း၊ နတ်မောက်မြို့နယ်တွင် မြေအောက်ရေပေးသွင်းခြင်းဖြင့် နွေနှမ်း ၅၆၉ ဧကစိုက်ပျိုးကြပြီး ဘုန်းတော်ပြည့်ကျေးရွာနှင့် အင်းကုန်းကျေးရွာတို့တွင် ဘောင်ကြီးတင်စနစ်ဖြင့် ၉၅ ဧက စိုက်ပျိုးထားကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုထံမှ သိရသည်။

မြို့နယ်(ပြန်/ဆက်)



## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG ၊ CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

# လျှော်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပစေတနာရှင်ပြည်သူများက အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ ၂၈-၃-၂၀၂၅ ရက်နေ့တွင် မြန်မာနိုင်ငံ ပြည်တွင်း မန္တလေးမြို့အနီးကို ဗဟိုပြုလှုပ်ခတ်ခဲ့သော အင်အားပြင်း ငလျင်ဘေးဒဏ်သင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများအနေဖြင့် အလှူငွေနှင့် အလှူပစ္စည်းများ ပါဝင်လှူဒါန်းနိုင်ပါသည်။

၂။ အလှူငွေများကို မိုဘိုင်းငွေပေးချေမှုစနစ်ဖြင့် လှူဒါန်းလိုပါက KBZ Pay, CB pay, AYA Pay, OK$, Wave Money တို့၏ QR များကို Scan ဖတ်၍လည်းကောင်း၊ KBZ Pay QR code နံပါတ် 70157401001 သို့လည်းကောင်း၊ Wave Money ဖြင့် လှူဒါန်းလိုပါက ဖုန်းနံပါတ်(၀၉-၂၅၅၀၀၁၅၄၂ နှင့် ၀၉-၂၅၅၀၀၁၅၄၃) တို့သို့ တိုက်ရိုက်ပေးသွင်း၍လည်းကောင်း လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။ ထို့ပြင် ဗဟိုဘဏ်မှခွင့်ပြုထားသော မိမိနှစ်သက်ရာ မည်သည့် Digital Wallet သို့မဟုတ် ဘဏ် Mobile Application မှမဆို KBZ Pay MMQR နှင့် CB Pay MMQR၊ OK$ MMQR များကို Scan ဖတ်၍ လှူဒါန်းနိုင်ပါသည်။

၃။ ဘဏ်များမှ လှူဒါန်းလိုပါက မြန်မာကျပ်ငွေကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ငွေစာရင်းအမှတ် OA-011834 ကို ဖွင့်လှစ်ထားပြီး အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ဘဏ်ခွဲတွင် တိုက်ရိုက်ဖြစ်စေ၊ အခြား မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများနှင့် ပုဂ္ဂလိကဘဏ်၊ ဘဏ်ခွဲများအားလုံးတို့မှ တစ်ဆင့်ဖြစ်စေ ငွေသားဖြင့် ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) ပြည်တွင်းရှိ နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်ဘဏ်များတွင် ဖွင့်လှစ်ထားသော ကျပ်ငွေစာရင်းများမှ စာရင်းပြောင်း (Account transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်။

၄။ ၎င်းအပြင် နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်တွင် ဖွင့်လှစ်ထားသည့် နိုင်ငံခြားငွေစာရင်းအမှတ် (EDN-600018) သို့လည်း အောက်ပါနည်းလမ်းများဖြင့် လှူဒါန်းနိုင်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်တွင် အမေရိကန်ဒေါ်လာ ယူရို၊ စင်ကာပူဒေါ်လာ ငွေသားတို့ဖြင့် တိုက်ရိုက်ပေးသွင်းလှူဒါန်းနိုင်ပါသည်၊

(ခ) မြန်မာ့စီးပွားရေးဘဏ်တွင် နိုင်ငံခြားငွေစာရင်းရှိသူများမှ စာရင်းပြောင်း (Account Transfer) နည်းလမ်းဖြင့် လှူဒါန်းနိုင်ပါသည်၊

(ဂ) ပြည်တွင်း/ပြည်ပမှ နိုင်ငံခြားငွေဖြင့် လှူဒါန်းလိုသူများအနေဖြင့် -

- **SWIFT CODE – MYEBMMMY**
- **Beneficiary Name – Natural Disaster Management Fund**
- **Beneficiary A/C No–EDN–600018** သို့ လှူဒါန်းနိုင်ပါသည်။

၅။ အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည် -

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | ဒေါ်သက်သက်အေး<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီး<br>ဦးစီးမှူးရုံး<br>၀၉-၄၀၀၅၀၂၀၅၆ |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | - | - |

၆။ အလှူပစ္စည်းများကို အောက်ပါအတိုင်း ဆက်သွယ်ပေးပို့လှူဒါန်းနိုင်ပါသည် -

(က) သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ် အစိုးရအဖွဲ့များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

(ခ) ရုံးအမှတ်(၂၃)၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ နေပြည်တော်။

(ဂ) ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ အမှတ်(၃) ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ရန်ကုန်မြို့။

(ဃ) ဗဟိုသိုလှောင်ရုံ (မန္တလေးမြို့)၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ (၆၅) လမ်း၊ ၃၄x ၃၅ ကြား၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**































နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင် အခုချိန်စိုက် နောက်မကျ ဒုတိယအကြိမ် အကောင်းဆုံးပ။

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
( တရားမကျင့်ထုံးဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀ )
ပခုက္ကူမြို့နယ်တရားရုံးတော်
၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃

ဒေါ်ရီတင် နှင့် ၁။ ဦးမောင်မောင်
၂။ ဒေါ်စန်းအေး
(တရားလို) (တရားပြိုင်များ)

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပခုက္ကူမြို့နယ်၊ မှိုက်ပင်ကုန်းကျေးရွာနေ ၁။ ဦးမောင်မောင် (ဘ) ဦးဟန်မြင့် ၂။ ဒေါ်စန်းအေး(ဘ) ဦးကျော် (အတူနေလင်မယား)(ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌ တရားလို ဒေါ်ရီတင်က ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်ခွင့်ပြုထားသူအား ဥပစာမှနှင်ထုတ်ဖယ်ရှားထွက်ခွာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ မေလ(၁၄)ရက်၊ ၁၃၈၇ခုနှစ်၊ ကဆုန်လပြည့်ကျော်(၃)ရက် မွန်းမတည့်မီ(၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့ မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ ဧပြီလ(၂၃)ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အေးချမ်းကို)**
**မြို့နယ်တရားသူကြီး**
**ပခုက္ကူမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ငွေနံ့သာစံပြကျေးရွာ၊ ကွင်းအမှတ်(၄၉၅-အေ)၊ မြေကွက်အမှတ် (၉၉၁)၊ ဧရိယာ (၁၀၀ x ၁၂၀)ပေအကျယ်ရှိ ဦးမင်းမင်းဦး အမည်ပေါက် မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားပိုင်ဆိုင်နေထိုင်အသုံးပြုနေသူ ဦးသိန်းဇော်ဝင်း(ဘ)ဦးကျော်ငြိမ်း (၁၄/ဟသတ(နိုင်)၁၂၇၉၄၅)မှ ရောင်းချလိုကြောင်း ကမ်းလှမ်းသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန္ဒာလင်း (၉/မထလ(နိုင်)၀၉၀၄၅၉)မှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးနန္ဒာနွယ် (LL.B, D.B.L, LQB, UK) WIPO Switzerland**
**အထက်တန်းရှေ့နေ(စဉ်-၃၂၂၃)**
**ဖုန်း-၀၉-၅၀၆၈၇၄၆**

## အထွေထွေကိုယ်စားလှယ်လွှဲစာ (GP) ရုပ်သိမ်းထားခဲ့ပြီး ဖြစ်ကြောင်းနှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်း

ကျွန်မ ဒေါ်မြင့်မြင့်အေး ၁၂/ဗတထ (နိုင်)၀၂၅၂၃၇သည် ဒေါ်နန်းခမ်းလှိုင်း(ဘ)ဦးကန်ချင်း ၁၃/လရန(နိုင်)၀၁၈၆၁၅အား အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၂၀၄၆၉/၂၀၁၂ ဖြင့် (၂၈-၁၂-၂၀၁၂)တွင် ပေးအပ်ထားခဲ့ခြင်းကို နှစ်ဦးနှစ်ဘက် သဘောတူသိရှိ၍ ၁၄-၁၀-၂၀၁၅ရက် ရုပ်သိမ်းထားခဲ့ပြီး ဖြစ်ပါသည်။

၈-၆-၂၀၁၅ ရက်တွင် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းနှင့် စပ်လျဉ်းသည့် သဘောတူ ကတိစာချုပ် တစ်ရပ်ပြုလုပ်၍ ၎င်းကတိပြုစာချုပ်အတိုင်း ဆောင်ရွက်ရန် ၁၅-၆-၂၀၁၅ ရက်တွင် ဒေါ်နန်းခမ်းလှိုင်းမှ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၌ ကျမ်းကျိန်လွှာ(စာအမှတ်-၂၇၇) ပြုလုပ်ပေးအပ်ထားခဲ့ပြီး ဖြစ်ပါသည်။

**ဒေါ်မြင့်မြင့်အေး**
**၁၂/ဗတထ(နိုင်)၀၂၅၂၃၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာခြင်း

မြစ်ကြီးနားမြို့၊ ကျွန်းပင်သာရပ်ကွက်၊ ကွင်းအမှတ်(၃၃/၃၊ ရွှေညောင်ပင်)၊ ဦးပိုင်အမှတ်(၆၉/က)၊ မြေဧရိယာ (၀ ဒသမ ၀၅၅) ဧကရှိမြေကွက်သည် မူလက ဒေါ်သန်းရွှေအမည်ဖြင့် (၁၈-၁၁-၂၀၂၇) ရက်အထိ မြေငှားဂရန် သက်တမ်းရရှိထားသော မြေကွက်ဖြစ်ပြီး ဂရန်အမည်ပေါက်သူ ဒေါ်သန်းရွှေမှာ(၈-၂-၂၀၂၄) ရက်တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးနော်ဆိုင်းမှာ (၈-၁၀-၂၀၀၀)ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားခဲ့ကြပြီး ၎င်းတို့၏သား/သမီးများဖြစ်ကြသည့် ဦးဇော်နော်၊ ဒေါ်ဆိုင်းတောင်၊ ဒေါ်နန်ထုတို့(၃)ဦးထွန်းကားခဲ့ရာ ဦးဇော်နော် (၃၁-၃-၂၀၀၈)ရက်တွင်လည်းကောင်း၊ ဒေါ်ဆိုင်းတောင်မှာ (၁၂-၆-၂၀၀၄)ရက်တွင် အပျိုလူပျိုလွတ်ဘဝဖြင့်လည်းကောင်း၊ ဒေါ်နန်ထုမှာ(၇-၈-၂၀၂၄) ရက်တွင် အပျိုလူပျိုလွတ်ဘဝဖြင့်လည်းကောင်း အသီးသီးထပ်မံကွယ်လွန်သွားခဲ့ကြပြီး (ဦးဇော်နော်)ကွယ်လွန်သူ၏ဇနီးဒေါ်လခရိထုရော်မှ (၃-၁၂-၂၀၂၄)ရက်စွဲပါ စာချုပ် မှတ်ပုံတင်အမှတ်(၅၁၆/၂၀၂၄)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီးဖြစ်သဖြင့် ဒေါ်လခရိထုရော်ထံမှ ဒေါ်သိန်းရီက (၁၇-၁-၂၀၂၅)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ်(၀၂၂/၂၀၂၅)ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ယခုအခါဒေါ်သိန်းရီ ၁/ဝမန(နိုင်)၀၀၅၆၆၄ အမည်ဖြင့် အမည်ပြောင်း မြေငှားဂရန်အသစ်ရရှိရေးအတွက် လျှောက်ထားလာခြင်းနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူမည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဂရန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

# လေးဆူဓါတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီး
# ၂၀၂၄-၂၀၂၅ ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲ
# ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအလှူတော် မင်္ဂလာအခမ်းအနား
# ဖိတ်ကြားလွှာ



ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ၂၀၂၄-၂၀၂၅ ခုနှစ် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းလုပ်ငန်းကို ၁၈-၁၁-၂၀၂၄ ရက်နေ့မှ ၃၁-၃-၂၀၂၅ ရက်နေ့အထိ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ပြီးဖြစ်ပါ၍ စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင်နှင့် ရေစက်ချအလှူမင်္ဂလာ အခမ်းအနားကို **၂၀၂၅ ခုနှစ် မေလ ၁၅ ရက် (ကြာသပတေးနေ့)၊ ၁၃၈၇ ခုနှစ် ကဆုန်လပြည့်ကျော် ၄ ရက်၊ နံနက် (၀၇:၃၀) အချိန်**တွင် ရွှေတိဂုံစေတီတော် ရင်ပြင်မြောက်ဘက် ရာဟုထောင့် **အောင်မြေနေရာရှိ မင်္ဂလာမဏ္ဍပ်**၌ ကျင်းပပြုလုပ်သွားမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ၂၁-၃-၂၀၁၉ ရက်နေ့မှ ၃၁-၃-၂၀၂၅ ရက်နေ့အထိ သဒ္ဓါတရားထက်သန်စွာ ကုသိုလ်ပါဝင် လှူဒါန်းခဲ့ကြသည့် ရွှေသင်္ကန်းတော် အလှူရှင်များအနေဖြင့် ကုသိုလ်ကောင်းမှု အစုစုတို့အတွက် အနုမောဒနာတရားနာကြား၍ ရေစက်သွန်းချ အမျှပေးဝေနိုင်ရန်အတွက် အခမ်းအနားသို့ တက်ရောက်နိုင်ပါရန် ဂါရဝတရားဖြင့် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

**မှတ်ချက်။** အလှူရှင်များသို့ သီးခြားဖိတ်စာ ပေးပို့ခြင်းမရှိပါသဖြင့် သိရှိလိုသည်များရှိပါက ဖုန်းနံပါတ် (၀၁၈ ၃၇၅၇၆၇) သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း

ရွှေဘိုမြို့နယ်၊ မင်းကျောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၂၈၁၀)၊ (တ.ဆ.ရ အနီး တိုးချဲ့ကွက်သစ်)၊ ဦးပိုင်အမှတ်(၃၃၄+၃၃၆)၊ ဧရိယာ(၀.၂၂၀)ဧကရှိမြေကို မူလပိုင်ရှင်ဖြစ်သူ ဦးကျော်နိုင်အမည်ဖြင့်(၂၄-၁၁-၁၉၉၄)မှ (၂၃-၁၁-၂၀၂၉) ရက်အထိ နှစ်(၃၀)မြေငှားဂရန်ရရှိထားပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ (၈-၅-၂၀၂၄)ရက်စွဲပါ ခွဲစိတ်ခွင့်အမိန့်အမှတ်(၁/၂၀၂၄-၂၀၂၅)အရ ခွဲစိတ်ခွင့်ပြုချက်ရရှိပြီး ဦးကျော်နိုင်နှင့် ဦးချစ်အေးတို့မှ အရောင်းအဝယ်ပြုလုပ်ခဲ့ရာ ရောင်းချသူ ဦးကျော်နိုင်၏ကိုယ်စား ဦးမင်းသက်နိုင်နှင့် ရွှေဘိုမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ စာချုပ်အမှတ်(၇/၂၀၂၅)ဖြင့် စာချုပ်ချုပ်ဆိုမှတ်ပုံတင်ထားရှိခြင်းတို့ကြောင့် ဦးချစ်အေးအမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာ သည့်ရက်မှစ၍(၁၅)ရက်အတွင်း ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက မြေငှားဂရန် ထုတ်ပေးခြင်းလုပ်ငန်းကို လုပ်ထုံးလုပ်နည်းနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ရွှေဘိုမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ရွှေဘိုမြို့**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၁)ရပ်ကွက်၊ ကံ့ကော်လမ်း၊ အိမ်အမှတ်(၅၉၉)နေ (ဘ) ဦးသန်းဇော်နှင့် (မိ) ဒေါ်ခင်စန်းမော်တို့၏သား မောင်ထက်ဝေအောင် ၁၂/ဒဂမ(နိုင်)၀၃၇၅၄၆သည် မိဘများအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင် ပြုမူသောကြောင့် ၎င်းအား သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**ဦးသန်းဇော် ၇/ဝမန(နိုင်)၀၈၀၀၅၅**
**ဒေါ်ခင်စန်းမော် ၇/ဝမန(နိုင်)၁၁၂၂၆၅**

## ပျောက်ဆုံးကြောင်း

ကနီမြို့နယ်၊ ညောင်ဝန်းရွာနေ ဦးဆန်းဦး၏သား မောင်ဖြိုးရဝေထွန်း ၅/ကနန(နိုင်)၁၁၇၀၉၇ ၏ နိုင်ငံကူးလက်မှတ်နံပါတ် (MH-406571)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၅၄၈၄၆၁၉၅**

## ပျောက်ဆုံးကြောင်း

ယင်းမာပင်မြို့နယ်၊ ပြောင်းပြာရွာနေ ဦးကျင်ရွှေ၏သမီး မသူဇာဝင်း ၅/ယမပ(နိုင်)၁၂၉၁၄၅ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MD-110284 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၀၄၆၁၄၆၂**

**သွေးသည် အသက်**

## မော်တော်ယာဉ်မောင်းနှင်ရာတွင် မိမိရှေ့ကယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရသည့်နေရာများ(နည်းဥပဒေ ၂၉၁)

မော်တော်ယာဉ်မောင်းနှင်သူသည် အောက်ပါနေရာများ၊ အချိန်အခါနှင့် အခြေအနေများတွင် မိမိရှေ့က မော်တော်ယာဉ်ကို လုံးဝကျော်တက်ခြင်း မပြုရ-

(က) ခြေကျင်လျှောက်သူများဖြတ်ကူးရန် ခွင့်ပြုထားသောနေရာ၊
(ခ) လမ်းဆုံလမ်းခွ၊
(ဂ) လမ်းထောင့်နှင့်လမ်းကွေ့၊
(ဃ) ကုန်းအတက်နှင့် ကုန်းထိပ်၊
(င) တံတားအဝင်ဝနှင့် တံတားအပေါ်၊
(စ) လမ်းကျဉ်းအတွင်း၊
(ဆ) ဥမင်လိုဏ်ခေါင်းအတွင်း၊
(ဇ) လမ်းအလယ်တွင် မျဉ်းဖြူ၊ မျဉ်းဝါနှစ်ကြောင်းရှိသော လမ်းတစ်လျှောက်၊
(ဈ) တစ်ဆက်တည်းမျဉ်းကြောင်းသတ်မှတ်ထားသော ယာဉ်ကြောအတွင်း၊
(ည) တံခါးရှိနှင့် တံခါးမဲ့ရထားလမ်းကူးနေရာ၊
(ဋ) မြင်ကွင်းမရှင်းလင်း၍ အန္တရာယ်ကင်းစွာ ကျော်တက်ရန် စိတ်မချရသော အချိန်အခါ၊
(ဌ) "လမ်းမပိတ်ရ" အဝါရောင်မျဉ်းကွက်(Yellow Box)နေရာ၊
(ဍ) ကျော်တက်လျှင်ရှေ့ သို့မဟုတ် မျက်နှာချင်းဆိုင်မှ မောင်းနှင်နေရသည့် မော်တော်ယာဉ် များက ရှောင်တိမ်းပေးရခြင်း၊ အမြန်နှုန်းလျှော့ပေးရခြင်းဖြင့် အနှောင့်အယှက်ဖြစ်စေနိုင်သည့် အခြေအနေ။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

## ရန်ကုန်အထိုင်လက္ကား မြေဩဇာ ရည်ညွှန်းဈေးနှုန်းများ သိရှိနိုင်ပါရန် ကြေညာခြင်း

၁။ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း (MFSPEA)အနေဖြင့် တောင်သူများ အဓိက သုံးစွဲလျက်ရှိသော အောက်ပါမြေဩဇာများကို ဖော်ပြပါဈေးနှုန်းအတိုင်း ရန်ကုန်အထိုင်လက္ကားဈေးနှုန်းအဖြစ် ၁-၅-၂၀၂၅ ရက်နေ့မှ ၃၁-၅-၂၀၂၅ ရက်နေ့အထိ ရောင်းချရန် အသင်းဝင်ကုမ္ပဏီများသို့ ညွှန်ကြားထားရှိပါသည်-

(က) ယူရီးယား မြေဩဇာ (အလုံးကြီး) ၅၀ ကီလိုတစ်အိတ် ၉၅,၀၀၀ ကျပ်
(ခ) Rock Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် ၁၂၄,၀၀၀ ကျပ်
(ဂ) DI Ammonium Phosphate အခြေခံ ၁၅ ပတ်လည် ၅၀ ကီလိုတစ်အိတ် ၁၃၅,၀၀၀ ကျပ်

၂။ Complex ၁၅ ပတ်လည်မြေဩဇာကို ရည်ညွှန်းဈေးနှုန်း သတ်မှတ်ခြင်းမရှိပါ။ အထက်ပါ ဈေးနှုန်းများသည် ရန်ကုန်အထိုင်လက္ကားဈေးနှုန်းများဖြစ်သဖြင့် ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်များအပေါ်တွင် မူတည်၍ ဈေးနှုန်း ကွာခြားနိုင်ပါသည်။ ရည်ညွှန်းဈေးနှုန်းများနှင့်အညီ ရောင်းချခြင်းမရှိပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ် အသိပေးနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

(က) ဦးဆောင်ကော်မတီ ၀၆၇-၄၁၀၀၃၂
(ခ) MFSPEA အသင်း ၀၉-၉၈၈၅၃၉၃၆၀

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ မြေကွက်အမှတ် (၉၆)၊ မြေရေိယာ (၀.၀၆၄)ကေ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ဌေးဌေးဝင်း (ဘ) ဦးခင်မောင်ဝင်း (၁၂/ဒဂန(နိုင်)၀၀၄၆၆၈)၊ အမှတ် (၉၄/၉၅)၊ ယမနေလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသော အထောက်အထား များနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.G.P, LL.B,D.M.L) |
| တရားလွှတ်တော်ရှေ့နေ စဉ်/၁၆၁၉၆ | တရားလွှတ်တော်ရှေ့နေ၊ စဉ်/၇၅၁၅ |
| ဖုန်း ၀၉-၅၁၇၁၄၃၃ | ဖုန်း ၀၉-၂၅၄၄၈၈၃၃၀ |

အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

**ပတ်စ်ပို့ပျောက်**

ကျွန်မ မနှင်းဖြူအေး ၅/ယမပ (နိုင်)၁၂၃၈၃၆၏ ပတ်စ်ပို့နံပါတ် MH-125674 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၄၃၄၁၅၁၇၈

## တစ်ဦးတည်းဖြစ်ပါကြောင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၂)၊ ရေချမ်းအိုး(မြောက်)၊ မြကျွန်းသာလမ်း၊ အိမ်အမှတ်(၁၇၅၀)နေ (ဘ) ဦးဘညိမ်း၏သားဖြစ်သူ အမည်မှာ ဦးမာမွတ် လဖစ်နှင့် ဦးမာမွတ်ရဖစ် (၉/မမန(နိုင်)၀၈၅၈၆၅)သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမာမွတ်လဖစ် နှင့် ဦးမာမွတ်ရဖစ်**

## တစ်ဦးတည်းဖြစ်ကြောင်း

